# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 4 March 2023 ၁၁၀၂၉


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၃**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကပါလနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ တို့အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၃၁ ပါးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကပါလနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ တို့အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

---

**ယနေ့ ဖတ်စရာ**

**အားနည်းချက်ကိုသိ အားသာချက်ကိုဖန်တီး အခွင့်အလမ်းကိုရှာ ခြိမ်းခြောက်မှုမှန်သမျှရင်ဆိုင်ပါ**

ဆောင်းပါး စာမျက်နှာ » ၇

**အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးတိုးတက်စေရေးတွင် ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ပံ့ပိုးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် အမေးအဖြေကဏ္ဍ**

စာမျက်နှာ » ၁၀

# ကြေးမုံ

## အွန်လိုင်းနည်းပညာအသုံးပြု လှည့်ဖြားဆောင်ရွက်မှုသတိပြု

၂၁ ရာစုကာလတွင် ကမ္ဘာပေါ်၌ နည်းပညာများ အလျင်အမြန်တိုးတက်ဖြစ်ထွန်းလာသည်။ တိုးတက်ထွန်းကားလာသော နည်းပညာအမျိုးမျိုးအနက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် နိုင်ငံတကာနယ်ပယ်အသီးသီးတွင် ပိုမိုခရီးပေါက်လာသည်။ ယခင်က သတင်းအချက်အလက်တစ်ခုသည် ကမ္ဘာပတ်ရန် အချိန်များစွာကြာမြင့်ခဲ့ပြီး ယခုအခါ စက္ကန့်ပိုင်းအတွင်း ကမ္ဘာတစ်ပတ်သို့ ရောက်ရှိနိုင်ပြီဖြစ်သည်။

တွင်ကျယ်ခရီးရောက်လာသော ဆက်သွယ်ရေးနည်းပညာလောက၌ အလွန်ခေတ်စားသော ဆိုရှယ်မီဒီယာပေါ်ပေါက်လာသည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်ကျောင်းသား ဇူကာဘတ်နှင့် ၎င်း၏သူငယ်ချင်းတို့ စတင်တီထွင်အသုံးပြုခဲ့သည့် လူမှုကွန်ရက်ဝန်ဆောင်မှုဟုခေါ်ဆိုသော ဖေ့စ်ဘွတ်၊ အီးမေးလ်တို့ကို ကမ္ဘာပေါ်ရှိပြည်သူများ နှစ်သက်အသုံးပြုလာကြသည်။ သတင်းအချက်အလက်နှင့် ရုပ်ပုံများကိုပါ အထူးမြန်ဆန် တိကျလှပစွာ လုပ်ဆောင်နိုင်သောကြောင့် အလွန်အသုံးဝင်တွင်ကျယ်လာသည်။ အဆိုပါလူမှုကွန်ရက်ဝန်ဆောင်မှုကို မိတ်ဆွေလူမှုအသိုက်အဝန်းများအကြား ရင်းနှီးခင်မင်စေလိုသော ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် ဇူကာဘတ်က ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။

သို့သော် မျက်မှောက်ကာလတွင် အဆိုပါ လူမှုကွန်ရက်ဝန်ဆောင်မှုမျက်နှာစာကို အသုံးပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် မမှန်မကန်လုပ်ဆောင်မှုများပေါ်ပေါက်လာသည်။ အသေးအမွှားကိစ္စလေးများမှအစ နိုင်ငံနှင့်ချီ၊ ကမ္ဘာနှင့်ချီ၍ လိမ်ညာလှည့်ဖြား အသုံးချမှုများအထိဖြစ်ပေါ်လာသည်။ ယခုအခါ ကမ္ဘာတစ်ဝန်း၌ လူမှုကွန်ရက်သုံးစွဲသူများ သန်းပေါင်းထောင်ချီရှိနေပြီ။ မြန်မာနိုင်ငံတွင် နိုင်ငံ၏လူဦးရေတစ်ဝက်ကျော်သည် လူမှုကွန်ရက်အမျိုးမျိုးတို့ကို သုံးစွဲနေကြသည်။ လူမှုကွန်ရက်မျက်နှာစာအသီးသီးသည် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်သလို ဆိုးကျိုးများလည်း ရောထွေးပါဝင်လာသည်။ လူမှုကွန်ရက်ကိုအသုံးချသည့် မမှန်မကန်ဆောင်ရွက်မှုများကြောင့် ပြဿနာများရှိလာပြီး ပိုမိုရှုပ်ထွေးမှုများဖြစ်လာသည်။

လတ်တလောတွင် အကြမ်းဖက်သမားများနှင့် လိမ်ညာလှည့်ဖြားသူများက လူမှုကွန်ရက်ကိုအသုံးချ၍ အမြတ်ထုတ်မှုများရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ မကြာသေးမီကာလက ဖော်ထုတ်တွေ့ရှိချက်အရ အကြမ်းဖက် NUG လက်အောက်ခံ အွန်လိုင်းပညာရေးစာသင်ကျောင်းဖွင့်လှစ်ခဲ့သည်ကို ကြားသိကြပေလိမ့်မည်။ နှစ်စဉ်ကျောင်းဝင်ကြေးအဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၀၀၀/၂၀၀၀/၃၀၀၀ ကောက်ခံခဲ့ပြီး ကျောင်းသားကျောင်းသူ နှစ်သောင်းခန့် ကျောင်းအပ်နှံခဲ့ကြောင်းနှင့် NUG အသိအမှတ်ပြုကျောင်း ၆၂ ကျောင်းဖွင့်လှစ်ထားသည်ဟု ဆိုထားသည်။

သို့သော် မြေပြင်တွင် ကျောင်းသုံးကျောင်းသာ ဖွင့်လှစ်သင်ကြားသည့် အထောက်အထားများတွေ့ရှိရပြီး အဆိုပါ အွန်လိုင်းစာသင်ကျောင်းများ၏ ထောက်ခံချက်ဖြင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ ဝင်ခွင့်ဖြေဆိုတက်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။ အဆိုပါအွန်လိုင်းစာသင်ကျောင်းသည် အကြမ်းဖက်မှုကို အားပေးထောက်ခံသည့် အွန်လိုင်းစာသင်ကျောင်းများဖြစ်သည့်အပြင် နိုင်ငံတကာအသိအမှတ်ပြု အထောက်အထား ခိုင်လုံစွာပြသနိုင်ခြင်းမရှိခြင်း၊ ကျောင်းအခြေပြုတည်နေရာပြသနိုင်ခြင်းမရှိခြင်းနှင့် စနစ်တကျဖွဲ့စည်းတည်ထောင်ထားခြင်းမရှိကြောင်း သိရသည်။ ထို့ကြောင့် မိဘပြည်သူများအနေဖြင့် အဆိုပါစာသင်ကျောင်းများကို သတိပြုရမည်ဖြစ်သည်။ အချိန်ကုန်၊ ငွေကုန်မည့်အပြင် အကြမ်းဖက်အဖွဲ့က တည်ထောင်ဖွင့်လှစ်ထားသည့် အွန်လိုင်းစာသင်ကျောင်းများတွင် ကျောင်းအပ်နှံမိပါက ငွေကြေးလိမ်လည်မှုကြောင့် ဆုံးရှုံးမှုများကြုံတွေ့ရမည့်အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပါ အရေးယူခံရနိုင်သည်။

အဆိုပါအွန်လိုင်းစာသင်ကျောင်းမှ အချက်အလက်များပေါက်ကြားမှုမရှိစေရန် ဖေ့စ်ဘွတ်စာမျက်နှာ၊ ဝက်ဘ်ဆိုက်နှင့် တယ်လီဂရမ်တို့မှ အာမခံချက်များပေးခဲ့သော်လည်း ယုံကြည်စွာဖြင့် ကျောင်းအပ်နှံခဲ့သည့် ကျောင်းသား ကျောင်းသူ ၅၀၀ တို့၏ အမည်စာရင်းများပေါက်ကြားလာခဲ့သည်။ ထိုအမည်စာရင်းပေါက်ကြားမှုကို အကြမ်းဖက် NUG က တာဝန်ယူဖြေရှင်းပေးခြင်းမရှိဘဲ ၎င်းတို့သင်ကြားရေးနှင့် ကျောင်းသားလက်ခံရေးရုံးအဖွဲ့မှ ငွေကြေးလိမ်လည်သူငါးဦးကို ဖော်ထုတ်ရရှိခဲ့ပြီး အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ပတ်ဝန်းကျင်အား မလွန်ဆန်နိုင်၍ဖြစ်စေ၊ မသိနားမလည်၍ဖြစ်စေ၊ ရည်ရွယ်ချက်ရှိ၍ဖြစ်စေ အကြမ်းဖက်အဖွဲ့က လိမ်ညာလှည့်စားထားသော အွန်လိုင်းစာသင်ကျောင်းများတွင် ကျောင်းအပ်နှံပါက မိမိတို့ငွေကြေးများဆုံးရှုံးမည့်အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပါ အရေးယူခံရနိုင်သဖြင့် အစိုးရကျောင်းများနှင့် အစိုးရအသိအမှတ်ပြုကျောင်းများတွင်သာ ကျောင်းအပ်နှံကြပါရန် သတိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ပိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။



လမ်းမတော်မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မတ် ၃ ရက် နံနက်ပိုင်းတွင် လူစည်ကားသည့် နေရာများဖြစ်သော ကားမှတ်တိုင်များ၊ ဈေးဆိုင်များနှင့် လူနေအိမ်များ၌ လမ်းမတော်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများက လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး လက်ကမ်းစာစောင်များကို ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေစဉ်။ ခရိုင်(ပြန်/ဆက်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟန်စိုး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၇၃၄ | ၆,၀၉၂,၂၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၅၀ | ၆,၆၂၃ | ၂၀,၅၃၇,၀၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၂၇ | ၂၀၂,၅၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၂၅၃ | ၂,၁၈၀,၁၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၂ | ၃၁,၂၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁၃၉ | ၃၆၁,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၀ | ၃၄၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၂၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၅၂၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၉.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၂၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၉.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၉.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၂.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၄၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

ဘွဲ့ခံသီလရှင်ဆရာကြီး သုံးပါးတို့ တက်ရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား **စာမျက်နှာ ၄ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



❖ စာမျက်နှာ ၃ မှ
မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံသို့လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာသည့်အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့်ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးတို့က ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကပါလနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရတို့အမှူးပြုသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဋေး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များ လေ့လာဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များက ယနေ့ညနေပိုင်းတွင် သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်များအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄) တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့်၊ ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ



ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ကြွရောက်လာကြသော ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ၊ ဘွဲ့ခံလူပုဂ္ဂိုလ်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်း လုပ်ငန်းများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို လောက်ကိုင်မြို့ ပယ်စိမ်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဘောရင်နယ်(ခ) ဦးခင်မောင်လွင်က ပေးအပ်လှူဒါန်းရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးစိုးလွင်ကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်

နေပြည်တော် မတ် ၃

(၇၅) နှစ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရွှေတောင်ဦးတိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်ရှိ ဓမ္မဝိနယဓမ္မာရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်ဆရာတော် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (၇၅)နှစ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ ရေးဖြေအောင် သံဃာနှစ်ပါးနှင့် အာဂုံအောင် သံဃာ ၁၃ ပါး စုစုပေါင်း သံဃာ ၁၅ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စာအောင်လက်မှတ်နှင့် စာအောင်ဆုများကို ဆက်ကပ်၍ မုံရွာမြို့ ရန်ကင်းကျောင်းတိုက်ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ဘားအံမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ



ဘားအံ မတ် ၃

ကရင်ပြည်နယ် ဘားအံမြို့၌ မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို ယနေ့နံနက် ၈ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဆောင်ရွက်ပေးကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးမှ သွားဆရာဝန်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးပေးခြင်း၊ အသက် ၄၀ နှစ် အထက်ရှိသူများအား သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် နှလုံးရောဂါများစစ်ဆေးပေးခြင်း၊ အရပ်တိုင်းတာခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ရာ သွားနှင့်ခံတွင်းရောဂါတွေ့ရှိသူ ၆၃ ဦး၊ သွေးတိုးရောဂါရှိသူ ၄၄ ဦး၊ ဆီးချိုရောဂါရှိသူ ငါးဦး၊ သွေးတိုးနှင့်ဆီးချိုရောဂါရှိသူ ၁၃ ဦးနှင့် ဖျားနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ကိုယ်လက်ထုံကျင်ခြင်း၊ သွေးအားနည်းခြင်း စသည့် ရောဂါများ ခံစားနေရသူ ၁၁၉ ဦး စုစုပေါင်း ၂၄၄ ဦးကို ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၃

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လာချိဒ်တစ်မျိုးသားလုံး၏ အမွေအနှစ်ဖြစ်သည့် မုခ်ဦး၊ ရိုးရာအိမ်တော်၊ မနောကွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မြစ်ကြီးနား မတ် ၃**

လာချိဒ်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် နိုင်ငံတစ်ဝန်းနှင့် ပြည်နယ်အတွင်းရှိ လာချိဒ်တစ်မျိုးသားလုံး၏ ရိုးရာအမွေအနှစ်ဖြစ်သည့် မုခ်ဦး၊ ရိုးရာအိမ်တော်၊ မနောကွင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု၊ ခွဲ့ကွမ်ကျေးရွာအတွင်းရှိ လာချိဒ်ရိုးရာယဉ်ကျေးမှု ကွင်း၌ ကျင်းပသည်။

**ကြိုဆိုနှုတ်ဆက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြရာ လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လာချိဒ်တိုင်းရင်းသားများက (ရိုးခွမ်မို) ကြိုဆိုသီချင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို သိက္ခာတော်ရဆရာ မဒိန်ဇုန်းကျန်းက ဆုတောင်းဆက်ကပ်ပေးပြီး လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးလဘောင်ဇုန်းဘောမ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် မနောကွင်းအတွင်း ပင်မမနောတိုင်အလှူရှင် ဓောင်မှူးမန်ရှန်ဒိန့်ယိန်း၏ဇနီး ဆရာမဂလောင်ဇရှီခေါဝင်းက မနောကွင်းတည်ဆောက်ရခြင်းနှင့် ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မိမိတို့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို ယခုထက်မက ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ပြီး ပြည်ထောင်စုကြီးနှင့် ကချင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုးရေးကို အစဉ်ထာဝရ ရှေးရှုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားအချင်းချင်း မိမိတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် မိမိတို့ဒေသ၊ မိမိတို့၏ ပြည်ထောင်စု၊ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်း ကဏ္ဍမှ လက်တွဲ၍ ပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဦးဇခုန်တိန့်ယိန်း၊ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပင်မ မနောတိုင်အလှူရှင် ဒူဝါမန်ရှန်ဒိန်ယိန်း၏ ဇနီးဒေါ်ဇရှီခေါဝင်းတို့ကမနောကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လာချိဒ်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌထံ ချီးမြှင့်ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ငွေကျပ် ငါးသိန်းကိုလည်းကောင်း ချီးမြှင့် ပေးအပ်ကြသည်။

ဆက်လက်၍ ရိုးရာအိမ်တော်ရှေ့၌ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး မနောကွင်းဖွင့်လှစ်ရန် သိက္ခာတော်ရဆရာ မဒိန်းဇုန်းကျန်းက ဆုတောင်းဆက်ကပ်ကောင်းချီးပေးကာ မနောကွင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဦးဇခုန်တိန့်ယိန်း၊ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပင်မ မနောတိုင်အလှူရှင် ဒူဝါမန်ရှန်ဒိန်ယိန်း၏ ဇနီးဒေါ်ဇရှီ ခေါဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လာချိဒ် လူငယ်မောင်မယ်များက မနော အဖွင့်သီချင်းဖြင့် ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကောင်းချီးမင်္ဂလာ ခံယူသော ကျုံးဇွမ်မနောအက (အဖွင့်မနောအက) ကို ဦးဆောင်သူများနှင့်အတူ ရိုးရာနှင့်အညီ မနောကွင်းအတွင်း လာချိဒ်တိုင်းရင်းသားများ၊ ပြည်နယ်အတွင်းရှိ ဌာနေ တိုင်းရင်းသားအားလုံးနှင့် အတူတကွ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

လာချိဒ် တိုင်းရင်းသားမျိုးနွယ်များသည် ရှေးယခင်ကတည်းကပင် မိသားစုကျန်းမာရေး ကောင်းမွန်စေရန်၊ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကောင်းမွန်စေရန်၊ ရည်ရွယ်၍ မနောပွဲတော်ကို ကျင်းပလာကြသည့် အစဉ်အလာကောင်းများရှိကြပြီး အောင်မြင်မှုများ ရရှိလာသောအခါတွင်လည်းကောင်း၊ မိတ်ဆွေ၊ ဆွေမျိုး၊ အိမ်သူအိမ်သားများနှင့် မျိုးနွယ်စုများ ပြန်လည်ဆုံတွေ့သောအခါများနှင့် နေ့ထူးနေ့မြတ် အထိမ်းအမှတ်နေ့များတွင်လည်းကောင်း၊ မင်္ဂလာ ရက်ကောင်းရက်မြတ်ရွေးချယ်ပြီး မိသားစုအလိုက် မိမိတို့၏ဒေသနှင့် အိမ်ဝင်းအတွင်း မနောတိုင်များကို စနစ်တကျဆောက်လုပ်ကာ ရိုးရာအစဉ်အလာအရ မနောအကကို ခေါင်းဆောင်သူ၏နောက်မှ အတူတကွမနောအကကခြင်းရိုးရာဓလေ့ကို လာချိဒ်ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရိုးရာမနောကွင်းနှင့် လာချိဒ်တိုင်းရင်းသားတို့၏ သမိုင်းမှတ်တမ်းများနှင့် ရိုးရာအသုံးအဆောင်ပြခန်းအတွင်း ပြသထားသည့် လာချိဒ်တိုင်းရင်းသားတို့ ဆင်းသက်လာမှု၊ ဘဝနေထိုင်မှု ဓလေ့ထုံးစံ၊ လာချိဒ်စာပေ၊ ရိုးရာအဝတ်အထည် ရက်လုပ်မှုနှင့် ဝတ်စားဆင်ယင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ၊ လာချိဒ်တိုင်းရင်းသားဦးဆောင်သူ ဘိုးဘွားများ၏ မှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

လာချိဒ်တစ်မျိုးသားလုံး၏ ရိုးရာမနောပွဲတော်ကို မတ် ၂ ရက်မှ စတင်ကျင်းပပြီး ညပိုင်းတွင် လာချိဒ်တိုင်းရင်းသား အဆိုတော်များ၏ တေးသီချင်းသီဆိုမှုများ၊ လနတ်သမီး အလှပြိုင်ပွဲများ၊ ဈေးဆိုင်ခန်းများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အပိတ် မနောအကကိုမတ် ၄ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့်အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# တောင်သူလယ်သမားနေ့အထိမ်းအမှတ် နည်းပညာပေးသင်တန်းနှင့် ကွင်းပြပွဲဆောင်ရွက်

**ရွှေဘို မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနတွင် ယမန်နေ့ နံနက်၁၀ နာရီက တောင်သူလယ်သမားနေ့ အထိမ်းအမှတ် နည်းပညာပေးသင်တန်းနှင့် ကွင်းပြပွဲဆောင်ရွက်ခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါသင်တန်းနှင့် ကွင်းပြပွဲတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရန်၊ နည်းပညာဖွံ့ဖြိုးတိုးတက်စေပြီး တောင်သူများအား ပြန်လည်၍နည်းပညာ ဖြန့်ဝေနိုင်ရန်နှင့် ဝန်ထမ်းများနည်းပညာများ လက်တွေ့သိရှိပြီး တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လိုက်ပါဆောင်ရွက်ရန်ရည်ရွယ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက နွေစပါးတင်း ၁၂၀ အထက် ထွက်ရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံက ဘက်စုံ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းလမ်းများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချတာဝန်ခံက မြေသြဇာဥပဒေနှင့် သစ်စိမ်း မြေသြဇာပြုလုပ်သုံးစွဲနည်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံက မျိုးစေ့ဥပဒေနှင့် မျိုးစေ့နမူနာယူနည်းများကိုလည်းကောင်းသင်တန်းပို့ချခဲ့ကြသည်။

**အေးမြသက်ထား**

■



# အားနည်းချက်ကိုသိ အားသာချက်ကိုဖန်တီး အခွင့်အလမ်းကိုရှာ ခြိမ်းခြောက်မှုမှန်သမျှ ရင်ဆိုင်ပါ

**အားနည်းချက်၊ အားသာချက်ဆိုတာ ကိုယ်စီ လူတိုင်းမှာရှိကြတယ်။ ရှိတာကို ရှာဖွေတတ်ဖို့လိုတဲ့အပြင် အားနည်းချက်ကို အားသာချက်အဖြစ် ပြောင်းလဲနိုင်စွမ်းလည်းရှိရပါမယ်။ ရံဖန်ရံခါ ပေါ်လာတတ်တဲ့ အခွင့်အလမ်းဆိုရင်လည်း အမိအရ ဖမ်းယူဆုပ်ကိုင်တတ်ဖို့ လိုပါတယ်။ အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှု၊ ခြိမ်းခြောက်လာနိုင်မှုမှန်သမျှ ကြိုတင်မြော်တွေးထားရန်နဲ့ ဖြစ်လာပါက ဖြေရှင်းနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ် ... စသည်ဖြင့်။**

ဒေါက်တာမြတ်မိုး

### SWAT ဆိုတာ

မိမိတို့မှာရှိနေတဲ့ အားနည်းချက် weakness (W)၊ အားသာချက် strength (S)၊ အခွင့်အလမ်း opportunity(O)နဲ့ ခြိမ်းခြောက်မှု threat(T) ဒီလေးခုကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း SWAT analysis ပြုလုပ်နိုင်စွမ်းရှိခြင်းဟာ ယနေ့ခေတ် ပဋိပက္ခမျိုးစုံကြား ရှင်သန်လှုပ်ရှားနေရသူတွေအတွက် ပိုပြီးအရေးကြီးပါတယ်။ မိမိဘဝ မိမိအဖွဲ့အစည်း တိုးတက်ကြီးပွား အောင်မြင်ဖို့အတွက် မဟာဗျူဟာကျကျ ချဉ်းကပ်ရာမှာ လည်းကောင်း၊ မူဝါဒတစ်ခုရေးဆွဲဖို့ အကြံဉာဏ်ပေးအပ်ရာမှာ လည်းကောင်း၊ လုပ်ငန်းတစ်ခုခု စတင်တော့မယ်ဆိုရင် အထူးသဖြင့် အခုလိုအပြိုင်အဆိုင် ခေတ်ကြီးမှာ တိုက်ပွဲတစ်ပွဲဆင်နွှဲမယ့်ပုံစံနဲ့ စီမံကိန်းချမှတ်၊ စနစ်တကျဆောင်ရွက်မှသာ ရည်မှန်းချက်ပြီးမြောက်အောင်မြင်နိုင်ပါတယ်။

အဓိကက ကိုယ့်အကြောင်းလည်း သိဖို့အပြင် ပြိုင်ဘက်ကိုသတိပြုတတ်ဖို့နဲ့ ပြိုင်ဘက်အကြောင်းလည်းသိနေဖို့ပါ။ ကိုယ့်အကြောင်းလည်း ဂဃနဏ မသိ၊ပြိုင်ဘက်အကြောင်းလည်း အသေအချာမသိသူဟာ ကျဆုံးဖို့အလွန်များပါတယ်။ စီးပွားရေးလုပ်ငန်းဆိုရင် ပြိုင်ဘက်ရဲ့ထိုးနှက်ခြင်းခံရလို့ အကျိုးအမြတ်နည်းပြီး ဆုံးရှုံးမှုများတတ်ပါတယ်။ ပြဿနာဖြေရှင်းဖို့ SWAT analysis ကို ကောင်းကောင်းမလုပ်နိုင်သူဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချနိုင်မှာမဟုတ်သလို ပြဿနာမဖြစ်ခင်ကတည်းက SWAT ကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိထားမှသာလျှင် ပြဿနာမဖြစ်အောင် ကြိုတင်ပြင်ဆင်ပြီး ကာကွယ်ထိန်းချုပ်နိုင်တဲ့ အနေအထားမျိုးကို ရောက်ရှိမှာဖြစ်ပါတယ်။

SWAT မှာ အားနည်းချက်နဲ့ အားသာချက်ဟာ မိမိအတွင်းသဏ္ဌာန် မိမိအဖွဲ့အစည်းရဲ့ အတွင်းလက္ခဏာ internal မှ လာပြီး အခွင့်အလမ်းနဲ့ ခြိမ်းခြောက်မှုကတော့ ပြင်ပလက္ခဏာ external ရိုက်ခတ်မှုမှ လာတယ်လို့ဆိုပါတယ်။ အားနည်းချက်၊ အားသာချက်ကို မိမိရဲ့အတွင်းမှာသာ ရှာဖွေရမှာဖြစ်ပြီး ပြင်ပကလွှမ်းမိုးလာတဲ့ အခွင့်အလမ်းတို့၊ စိန်ခေါ်မှုတို့ကတော့ မိမိ ပယောဂကြောင့် မဟုတ်တဲ့အတွက် ကြိုတင်မျှော်လင့်တွက်ချက် ပြင်ဆင်ထားမှသာလျှင် အဆင်ပြေအောင်မြင်မှာ ဖြစ်ပါတယ်။ မိမိရဲ့အားသာချက်နဲ့အတူ ပြင်ပကလာတဲ့အခွင့်အလမ်းကောင်းများက အပေါင်းလက္ခဏာဆောင်စေမှာဖြစ်ပြီး မိမိရဲ့အားနည်းချက်နဲ့ မမျှော်မှန်းထားတဲ့ ခြိမ်းခြောက်မှုဆိုတာ အနုတ်လက္ခဏာဆောင်လေ့ရှိပါတယ်။

### Presentation များက ဖော်ထုတ်ခဲ့တဲ့ ဌာနတွင်း SWAT Analysis

အတော်များများက သိပြီးဖြစ်ကောင်းဖြစ်ပေမယ့် SWAT Analysis ဆိုတဲ့ ဝေါဟာရတစ်ခုကို junior တွေအတွက် ရည်ရွယ်ပြီး ဌာနတွင်း presentation meeting စွမ်းဆောင်ရည်မြှင့် အစီအစဉ်လေးတစ်ခုကို လုပ်ဖြစ်ခဲ့ပါတယ်။ အထူးခြားကြီးတော့မဟုတ်ပါဘူး။ အားလုံးဟာ ဘာကိစ္စပဲလုပ်လုပ် ကိုယ့်အားနည်းချက်ကို ရှောင်ကွင်းပြင်ဆင်ပြီး ရှိနှင့်တဲ့အားသာချက်များနဲ့အတူ လုပ်တတ်ကိုင်တတ်ပြီးသား ဖြစ်ကြပါတယ်။

ရလာတဲ့အခွင့်အလမ်းကို မရရအောင်ယူပြီး ကြုံလာတဲ့ အခက်အခဲမှန်သမျှလည်း ရင်ဆိုင်ဖြေရှင်းတတ်ကြပါတယ်။ ဌာနရှိဝန်ထမ်းတွေအနေနဲ့ နောင်အနာဂတ် အခင်းအကျင်းအတွက် ရည်ရွယ်ပြီး ဌာနအလိုက် အကောင်းဆုံးနဲ့ စဉ်ဆက်မပြတ်စွမ်းဆောင်မှု The best and sustainable performance ရရှိဖို့အတွက် မိမိဌာနအလိုက် အားနည်းချက်၊ အားသာချက် ဘာတွေရှိသလဲ၊ အခွင့်အလမ်းတွေကဘာတွေလဲ၊ မမျှော်မှန်းနိုင်တဲ့ အခက်အခဲစိန်ခေါ်မှုနဲ့ ခြိမ်းခြောက်မှုတွေ ဘာတွေကြုံတွေ့ရနိုင်သလဲ၊ ဖော်ထုတ်နိုင်ဖို့ အခွင့်အလမ်း ဖန်တီးပေးခြင်းအစီအစဉ်တစ်ခုပါပဲ။ ပါဝင်ခဲ့ကြတဲ့ ဌာနကိုယ်စားပြုဝန်ထမ်းများဟာ SWAT Analysis သဘောတရားကို ကောင်းစွာကျေညက်ကြပြီး အကောင်းဆုံးဖြစ်အောင် သုံးသပ်ဖော်ထုတ်နိုင်ခဲ့ကြတာကို တွေ့ရတဲ့အတွက် အနာဂတ်မှာ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်မှုနဲ့အတူ အဖွဲ့အစည်း Institution အပေါ် ကောင်းမွန်တဲ့ သက်ရောက်မှုကို ထင်ဟပ်စေတဲ့ ရလဒ်ကောင်းများစွာ ထွက်ပေါ်လာနိုင်မယ်လို့ မျှော်လင့်မိပါတယ်။

### မိမိရဲ့အားနည်းချက် အားသာချက်က ဘာတွေဖြစ်မလဲ

မိမိ သို့မဟုတ် မိမိအဖွဲ့အစည်းအတွင်းက မိမိဝန်ထမ်းတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေး talent၊ စွမ်းဆောင်ရည် ability၊ ကိုယ်ရည်ကိုယ်သွေး personality၊ ကြိုးစားအားထုတ်မှု effort စတဲ့ အရည်အသွေးတွေဟာ အားသာချက်လည်းဖြစ်နိုင်သလို အားနည်းချက်များလည်း ဖြစ်နိုင်ပါတယ်။ ကောင်းကျိုးရလဒ် ထွက်ပေါ်မယ်ဆိုရင် အားသာချက်ဖြစ်ပြီး ဆုံးရှုံးမှုကိုဖြစ်စေရင် အားနည်းချက်ပဲပေါ့။ တစ်ခါတရံ မိမိပိုင်ဆိုင်တဲ့ ကျွမ်းကျင်ဝန်ထမ်းအရေအတွက်၊ လုပ်သက်ရင့်ကျက်ဝန်ထမ်းအရင်းအမြစ်များနဲ့ အရင်းအနှီးငွေကြေးပမာဏ၊ ကုန်ကျစရိတ်အနည်းဆုံးနဲ့ အသုံးချနိုင်စွမ်း efficient ဖြစ်တဲ့ စက်ပစ္စည်းကိရိယာ အနေအထားများကလည်း အားသာချက်အဖြစ် ဖန်တီးပေးတတ်ပါတယ်။

ကောင်းတဲ့ရလဒ်တွေ ထွက်ပေါ်ဖို့ဆိုရင် ဒီအစိတ်အပိုင်းတွေကို ကြိုတင်တွက်ချက် ဖြည့်တင်းစီမံထားရမှာဖြစ်ပါတယ်။ အချို့ဟာ တစ်ချိန်က သင်တန်းတွေမှာ မိမိအဖွဲ့အစည်းရဲ့ အားသာချက်၊ အားနည်းချက်ကိုရှာဖို့ ခဲယဉ်းနေတာမျိုးကြုံရတဲ့အခါ အဖွဲ့အစည်းရဲ့အင်္ဂါရပ်များကို အသေးစိတ်ချရေးပြီး လေ့ကျင့်ခဲ့တဲ့ အတွေ့အကြုံမျိုးရရှိခဲ့ကြဖူးမယ်လို့ ထင်ပါတယ်။

သို့ပေမဲ့လည်း အများစုဟာ မိမိအားနည်းချက်ကို ဖုံးဖုံးဖိဖိနဲ့ မမြင်ချင်ယောင်ဆောင် မေ့မေ့လျော့လျော့သဘောထားတတ်တဲ့ လူ့သဘာဝနဲ့အတူ ကိုယ့်ရဲ့အားသာချက်ကိုတော့ အလွယ်တကူမြင်ပြီး လူရှေ့သူရှေ့ထုတ်ပြတတ်ကြတာ သတိထားမိကြပါလိမ့်မယ်။ အခြားသူအားနည်းချက်ကိုတော့ မမြင်မြင်အောင်ရှာဖွေတတ်ကြတာ၊ အားသာချက်ကို မသိကျိုးကျွံပြုလျစ်လျူရှုတတ်ကြတာမျိုးပေါ့၊ ဒါကြောင့် မိမိအားနည်းချက်ကို အားမနာတမ်း အဂတိကင်းကင်းနဲ့ ဖော်ထုတ်ရဲဖို့သာ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

တစ်ခါတရံ ကိုယ့်ရှေ့ရောက်နေတဲ့အခွင့်အလမ်းကိုပင် မမြင်နိုင်ကြ၊ အသိအမှတ်မပြုနိုင်ကြတာ၊ အနာဂတ်မှာကြုံတွေ့လာနိုင်တဲ့ စိန်ခေါ်မှု၊ ကိုယ့်အပေါ် ခြိမ်းခြောက်နေတဲ့အရာကို မမြင်နိုင်တဲ့အနေအထားမျိုးတွေလည်း ရှိတတ်ကြပါတယ်။ မိမိအားနည်းချက်ကို ရှာဖွေသိမြင်နိုင်စွမ်းရှိခြင်းသည်ပင် အောင်မြင်မှုရဖို့အတွက် အခွင့်အလမ်းတစ်ခုဖြစ်တယ်ဆိုတာ မမေ့ဖို့လိုအပ်ပါတယ်။

### အားနည်းချက်က အားသာချက်ဖြစ်ပါစေ

ကိုယ့်ရဲ့အားနည်းချက်ကပင် ကိုယ်ရဲ့အားသာချက်ဖြစ်လာနိုင်တယ်ဆိုတာကို ယုံကြည်ထားဖို့လည်းလိုပါတယ်။ ဥပမာ– မိမိဖြေဆိုခဲ့ရတဲ့ သာသနာဆိုင်ရာ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ စာမေးပွဲတစ်ခုမှာ အချိန်၊ လုံ့လ၊ ဝီရိယ၊ သဒ္ဓါတရား အားနည်းချက်တစ်ခုခုကြောင့် အောင်မြင်ဖို့အခွင့်အလမ်း အနည်းငယ်ပဲရှိခဲ့တယ်ဆိုပါစို့၊ အကောင်းဆုံး မပူဇော်နိုင်ခဲ့လို့ မအောင်မြင်ခဲ့ဘူးဆိုရင် နောက်တစ်နှစ်အပိုဆောင်းပြီး ဒီတရားစာပေတွေကိုပဲ ထပ်မံကျက်မှတ်လေ့လာခွင့်ရတဲ့အတွက် တရားကိုပိုသိပိုနားလည်သွားပြီး ပို၍၊ ပို၍ ကုသိုလ်တိုးတယ်လို့ ခံယူဖြစ်ခဲ့ပါတယ်။

အဓိကအချက်က တရားစာပေ သင်ကြားလေ့လာခြင်းဟာ ဗုဒ္ဓရဲ့တရားတွေကို သိနားလည်ပြီး ကုသိုလ်တရားတွေ တိုးပွားနေဖို့ပဲမဟုတ်ပါလား၊ အခုတစ်ကြိမ် မအောင်မြင်ခဲ့ခြင်းဟာ တရားကို ပိုလေ့လာသိရှိခွင့်ရတဲ့အတွက် ကုသိုလ်ပိုတိုးပွားစေတဲ့ အားသာချက်တစ်ခုကို ရရှိလိုက်တာပဲဖြစ်ပါတယ်။

ထိုနည်းတူပါပဲ.. မိမိမှာ အားနည်းချက်တွေကဘာလဲ၊ ဘာသာရပ်တစ်ခုခုမှာ ကျွမ်းကျင်မှုမရှိရင် ထိုဘာသာရပ်မှာ သို့မဟုတ် အခြားပိုပြီးသင့်တော်တဲ့ ဘာသာရပ်မှာ ကျွမ်းကျင်မှုရှိလာအောင် သင်တန်းတက်ပြီး မိမိကိုယ်တိုင်ကြိုးစားလေ့လာအားထုတ်ရုံပဲပေါ့။ ဗဟုသုတနည်းနေရင် စာများများဖတ်ဖို့ အခွင့်အလမ်းလိုပါတယ်။ တစ်ချိန်မှာ ကျွမ်းကျင်မှု skill နဲ့ သုတ knowledge နယ်ပယ်များမှာ တိုးတက်လာတဲ့ အရည်အချင်းတွေကြောင့် ခံယူချက် attitude လည်း ပြောင်းလာပါလိမ့်မယ်။ အားနည်းချက်ကို သိလေလေ အားသာချက်တွေ ပွားများလေလေပါပဲ။ ကိုယ့်အကြောင်း၊ ကိုယ့်အဖွဲ့အကြောင်း သိနေဖို့ပဲလိုတာပါ။ အားနည်းချက်မှန်သမျှ ပြုပြင်နိုင်စွမ်းရှိရင် အားသာချက်တွေကို ဖန်တီးပေးသလိုဖြစ်စေပါတယ်။ မိမိအားနည်းချက်ကို ပြုပြင်တတ်ဖို့နဲ့ အားသာချက်တွေအဖြစ် ပြောင်းလဲနိုင်စွမ်းရှိဖို့သာ အရေးကြီးလှပါတယ်။

### အခွင့်အလမ်းကို မြင်တတ်ပါစေ

အခွင့်အလမ်းကို ရှာတတ်မြင်တတ်သူဟာ ကိုယ့်မှာ ဆုံးရှုံးမှုရှိခဲ့ရင်တောင် အဲဒီဆုံးရှုံးမှုကို အခွင့်အလမ်းဖြစ်အောင် ပြောင်းလဲနိုင်စွမ်းရှိကြပါတယ်။ တစ်ခါတစ်ရံ ကိုယ့်အနားမှာရှိနေတဲ့ ရောက်လာတဲ့အခွင့်အလမ်းကိုတောင် မမြင်နိုင်သူတွေကိုလည်း တွေ့ဖူးပါတယ်။ အားနာတတ်တာလည်းပါမယ်၊ အတ္တနဲ့ မာန်မာနကြားခံနေလို့လည်း ဖြစ်ကောင်းဖြစ်မယ်။ တစ်ကြိမ်တစ်ခါပဲရတဲ့ အခွင့်အလမ်းဆိုရင် ပိုပြီးအမိအရ ဆုပ်ကိုင်နိုင်စွမ်း ရှိသင့်တာပေါ့။ စီးပွားရေးသမားတွေအတွက် ကျယ်ပြန့်လာတဲ့ဈေးကွက်၊ အစိုးရက ဖန်တီးပေးတဲ့ မူဝါဒကောင်းတစ်ရပ်၊ တိုးတက်လာတဲ့နည်းပညာနဲ့ အပြောင်းအလဲပြုလုပ်နိုင်တဲ့ စီမံခန့်ခွဲမှုပုံစံ၊ ဝန်ထမ်းတွေအတွက် ကိုယ့်အထက်အရာရှိဆီက ပြောင်းလဲလာတဲ့ အပြုသဘောဆက်ဆံရေးအနေအထား၊ ကိုယ့်ဘဝတစ်လျှောက် တိုးတက်မှုလမ်းကြောင်းကို ပြောင်းလဲပေးနိုင်တဲ့ အထက်အရာရှိရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွေးအခေါ်နဲ့ နည်းပေးလမ်းပြဦးဆောင်မှုပေးနိုင်မှု transformative leadership ပုံစံနဲ့ ခွင့်လွှတ်သည်းခံနားလည်မှုပေးနိုင်တဲ့ လုပ်ဖော်ကိုင်ဖက်တွေရှိနေတဲ့ လုပ်ငန်းခွင်ဝန်းကျင်စတဲ့.. ထိုအင်္ဂါရပ်တွေဟာ မိမိတို့ရဲ့ အောင်မြင်မှုအခွင့်အလမ်းတွေပါလားလို့ မြင်လို့ရပါတယ်၊ ဖမ်းယူဆုပ်ကိုင်နိုင်ဖို့သာလိုတာပါ။

**စာမျက်နှာ ၈ သို့ ☆**

> **ဌာနရှိဝန်ထမ်းတွေအနေနဲ့ နောင်အနာဂတ် အခင်းအကျင်းအတွက် ရည်ရွယ်ပြီး ဌာနအလိုက် အကောင်းဆုံးနဲ့ စဉ်ဆက်မပြတ်စွမ်းဆောင်မှု The best and sustainable performance ရရှိဖို့အတွက် မိမိဌာနအလိုက် အားနည်းချက်၊ အားသာချက် ဘာတွေရှိသလဲ၊ အခွင့်အလမ်းတွေကဘာတွေလဲ၊ မမျှော်မှန်းနိုင်တဲ့ အခက်အခဲစိန်ခေါ်မှုနဲ့ ခြိမ်းခြောက်မှုတွေ ဘာတွေကြုံတွေ့ရနိုင်သလဲ၊ ဖော်ထုတ်နိုင်ဖို့ အခွင့်အလမ်း ဖန်တီးပေးခြင်းအစီအစဉ်တစ်ခုပါပဲ။ ပါဝင်ခဲ့ကြတဲ့ ဌာနကိုယ်စားပြု ဝန်ထမ်းများဟာ SWAT Analysis သဘောတရားကို ကောင်းစွာကျေညက်ကြပြီး အကောင်းဆုံးဖြစ်အောင် သုံးသပ်ဖော်ထုတ်နိုင်ခဲ့ကြတာကို တွေ့ရတဲ့အတွက် အနာဂတ်မှာ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်မှုနဲ့အတူ အဖွဲ့အစည်း Institution အပေါ် ကောင်းမွန်တဲ့ သက်ရောက်မှုကို ထင်ဟပ်စေတဲ့ ရလဒ်ကောင်းများစွာထွက်ပေါ်လာနိုင်မယ်လို့ မျှော်လင့်မိပါတယ်။**

> **အများစုဟာ မိမိအားနည်းချက်ကို ဖုံးဖုံးဖိဖိနဲ့ မမြင်ချင်ယောင်ဆောင် မေ့မေ့လျော့လျော့ သဘောထားတတ်တဲ့ လူ့သဘာဝနဲ့အတူ ကိုယ့်ရဲ့အားသာချက်ကိုတော့ အလွယ်တကူမြင်ပြီး လူရှေ့သူရှေ့ထုတ်ပြတတ်ကြတာ သတိထားမိကြပါလိမ့်မယ်။ အခြားသူအားနည်းချက်ကိုတော့ မမြင်မြင်အောင်ရှာဖွေတတ်ကြတာ၊ အားသာချက်ကို မသိကျိုးကျွံပြုလျစ်လျူရှုတတ်ကြတာမျိုးပေါ့၊ ဒါကြောင့် မိမိအားနည်းချက်ကို အားမနာတမ်း အဂတိကင်းကင်းနဲ့ ဖော်ထုတ်ရဲဖို့သာ လိုအပ်ကြောင်း တင်ပြလိုပါတယ်။**

# သိပ္ပံနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ရည်မှန်းရလဒ်များရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေး

နေပြည်တော် မတ် ၃

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သည့် ဦးစီးဌာနအလိုက် နှစ်စဉ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး အစီအစဉ်(Departmental Annual Implementation Plan-DAIP)ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့တွင်နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနစုဝေးခန်းမ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ငါးနှစ်တာကာလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်ကြမည့် စီမံကိန်းများနှင့်လုပ်ငန်းကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)ကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကိုအခြေခံ၍ ဦးစီးဌာနအလိုက်နှစ်စဉ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းအစီအစဉ်(DAIP)ကို စနစ်တကျရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင်လည်း DAIP ကို အခြေခံရမည်ဖြစ်ကြောင်း၊ DAIP ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့အကောင်အထည်ဖော်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းစွာ သိမြင်နိုင်ပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကိုလည်း စဉ်ဆက်မပြတ် သုံးသပ်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်တွေ့အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုများအား ဘဏ္ဍာငွေရရှိမှုများနှင့်ချိတ်ဆက်၍ စနစ်တကျ အကောင်အထည်ဖော်ရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ DAIP ရေးဆွဲရာတွင် အမှန်တကယ် ဆောင်ရွက်နိုင်မှုများအပေါ် အခြေခံ၍ ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ဦးစီးဌာနများက ဘဏ္ဍာရေးနှစ်အလိုက် ရည်မှန်းရလဒ်များရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိစေမှာဖြစ်သလို နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ပြုပေးနိုင်မည်ဖြစ်ကြောင်း၊ DAIP Guideline နှင့် Template များပါအချက်အလက်များ အပေါ်ပူးပေါင်းပါဝင်ဆွေးနွေးရန်နှင့် အကြံပြုချက်များပေးရန် ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနက မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)ဆိုင်ရာ လေ့လာဆန်းစစ်အကဲဖြတ်ရေး မူဘောင်အကျဉ်းချုပ်နှင့် DAIP ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများသည် DAIP ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကျိုးပြုထိရောက်သည့် လုပ်ငန်းစဉ်များဖြစ်ရန် လိုအပ်ကြောင်းနှင့် သတ်မှတ်ထားသော ရလဒ်၊ အညွှန်းကိန်းများပြည့်မီအောင် ဆောင်ရွက်သွားရန် အကြံပြုဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက ပါဝင်ဆွေးနွေးခဲ့ကြပြီး ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက Online ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်တို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲကျင်းပ

တောင်ကြီး မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့အား အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဂုဏ်ပြုပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။




**အမှာစကား ပြောကြား**

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီနာယက ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အမှတ်(၅)နှင့် အမှတ်(၁၀) အခြေခံပညာ အထက်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး**

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်သုံးခုအခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ယူတတ်မြောက်ခဲ့သည့် စာသင်သားများကိုယ်စား စာသင်သားကိုယ်စားလှယ်တစ်ဦးက ဝမ်းမြောက်စကားပြောကြားပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်သုံးခု အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် စေတနာဖြင့် လုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် မြို့နယ်ကိုယ်စားပြု နည်းပြ၊ ကြီးကြပ်ကိုယ်စားလှယ်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်သည့် ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ပြည်နယ်ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် စီမံဆောင်ရွက်ပေးခဲ့သော ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်ပညာရေးမှူးရုံးအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်းကောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ဆောင်ရွက်ပေးခဲ့ကြသော (တောင်ကြီး၊ ကလော)ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် (တောင်ကြီး၊ ကလော၊ ဟိုပုံး) မြို့နယ်အုပ်ချုပ်ရေးမှူးများအား စာတတ်မြောက်ရေးဗဟိုကော်မတီ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ချီးမြှင့်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

☆ စာမျက်နှာ ၇ မှ

လက်ရှိ ကမ္ဘာ့ပဋိပက္ခမျိုးစုံနဲ့ ပြည်တွင်းအကျပ်အတည်းအောက်မှာ အခွင့်အလမ်းအဖြစ်ဘာတွေရနိုင်မလဲ မြင်ကြည့်ရအောင်ပါ။ အနည်းဆုံးတော့ ကောလာဟလ အမျိုးမျိုးအောက်မှာ မိမိရဲ့ကြောင်းကျိုးဆက်စပ်တွေးခေါ်နိုင်စွမ်း critical thinking နဲ့ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း analytical thinking တွေ မသိမသာတိုးတက်မှုရှိလာတာတွေ့ရပါလိမ့်မယ်။ ဒီအရည်အသွေးများဟာ နိုင်ငံတစ်နိုင်ငံရဲ့နိုင်ငံသားပီသမှုအတွက် အထူးအရေးကြီးတဲ့ အရည်အသွေးတွေပါပဲ။

ဒါ့အပြင် နိုင်ငံတစ်နိုင်ငံအနေနဲ့ ဒေသတွင်းပထဝီနိုင်ငံရေးအားသာချက်ရှိတဲ့ အနေအထားကနေ အားနည်းနေတဲ့ မိမိနိုင်ငံရဲ့ ပထဝီစီးပွားရေးကို အားသာချက်အဖြစ် ပြောင်းလဲနိုင်တာမျိုး၊ ဒီလို အားသာချက်ဖြစ်ဖို့ မိမိရဲ့အိမ်နီးချင်းအင်အားကြီးနိုင်ငံတွေနဲ့ ကောင်းမွန်တဲ့ နိုင်ငံတကာဆက်ဆံရေးရရှိခြင်းဟာ အခွင့်အလမ်းတစ်ခုဖြစ်နိုင်ပါတယ်။

ကိုဗစ်ကပ်ကာလကို ကြွံကြွံခံ ရင်ဆိုင်ရင်းဘာသာရေးအတွက် အချိန်ကို အကျိုးရှိစွာအသုံးချဖြစ်ခဲ့သူတွေရှိပါတယ်။ သူတို့ဟာ ရလာတဲ့ social distancing အခွင့်အလမ်းကို တိုးတက်လာတဲ့ ဓမ္မအသိ အားသာချက်နဲ့အတူ အကုသိုလ်ကနေကုသိုလ်၊ အချို့ဆိုရင် မိရိုးဖလာကနေ ဗုဒ္ဓဘာသာဝင်စစ်စစ်တွေအဖြစ် ပြောင်းလဲနိုင်စွမ်းရှိခဲ့ကြတယ်။ တစ်ခါတစ်ရံ မိမိရဲ့အားသာချက်တချို့ဟာ အခွင့်အလမ်းကောင်းတွေ ဖြစ်နေတတ်သလို မိမိအားနည်းချက်တချို့ကပင် မိမိရဲ့အလုပ်နဲ့ ရည်မှန်းချက်အောင်မြင်ဖို့အတွက် အတားအဆီးတွေဖြစ်နေတတ်တာ၊ ခြိမ်းခြောက်မှု အနာဂတ်စိန်ခေါ်မှုတွေ ဖြစ်လာနိုင်တာကို သတိပြုမိဖို့လည်း လိုပါတယ်။

**ပြင်ပကခြိမ်းခြောက်မှုနဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ပါစေ**

စိန်ခေါ်မှုကို စဉ်းစားခြင်းဟာ အနာဂတ်မှာ ကိုယ့်ရဲ့ရည်မှန်းချက်ကို ခြိမ်းခြောက်လာနိုင်တဲ့ အနေအထားတွေကို ကြိုတင်မြော်တွေးတွက်ဆထားခြင်းပါပဲ။ ကြိုတင်မျှော်မှန်းလို့မရတဲ့ သဘာဝဘေးအန္တရာယ်၊ ကိုဗစ်ကဲ့သို့သော ရောဂါကပ်၊ ပြိုင်ဘက်ရဲ့ တိုးတက်လာမယ့် အားသာချက်တွေစသဖြင့် မျှော်လင့်ထားရမှာဖြစ်ပါတယ်။

ဌာနမှာပြုလုပ်တဲ့သင်တန်းမှာ ဝန်ထမ်းအချို့ဟာ မိမိဌာနကနေအခြားဌာနသို့ တစ်ချိန်ချိန်မှာ ပြောင်းရွှေ့ထွက်ခွာနိုင်ခြေရှိခြင်းနဲ့ နုတ်ထွက်လို့ပြန်းတီးနိုင်တဲ့ အခြေအနေတွေကို လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စိန်ခေါ်မှုအဖြစ် ဖော်ထုတ်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကိုယ့်မှာရှိနေနိုင်တဲ့ အားနည်းချက်များကို ပြုပြင်ပြီး အားသာချက်တွေကိုတော့ ထိန်းထား၊ အခွင့်အလမ်းဟူသမျှ မလွတ်တမ်းအသုံးချနိုင်အောင် အကောင်းဆုံးပြင်ဆင်ထားနိုင်မယ်ဆိုရင် ကြုံတွေ့ရနိုင်တဲ့ မည်သည့်စိန်ခေါ်ချက်မျိုးမဆို ဖြေရှင်းကျော်လွှားနိုင်မယ်လို့ သုံးသပ်ခဲ့ကြပါတယ်။ အရာရာကို အဆိုးမြင်နေခြင်းသဘောလည်း မဟုတ်ပါဘူး။ တစ်ခါတစ်ရံ ပြဿနာကိုဖြေရှင်းလိုရင် မူဝါဒတစ်ခုခုကို တရားသေမဆုပ်ကိုင်၊ ကိုယ့်ရဲ့စိတ်ကို fix မလုပ်ထားဘဲ မူဘောင်အတွင်းမှာ ပြောင်းလဲသင့်တာပြောင်းလဲဖို့ လိုကောင်းလိုလိမ့်မယ်လို့လည်း သုံးသပ်မိပါတယ်။

တစ်ခုနဲ့တစ်ခု ကြောင်းကျိုးဆက်စပ်နေတဲ့ SWAT သဘောတရားများကို ခွဲခြမ်းစိတ်ဖြာနိုင်ပြီဆိုရင် ဘယ်လိုစိန်ခေါ်မှုတွေလာမလဲ၊ ရင်ဆိုင်ဖို့အသင့်ဖြစ်နေတဲ့ development mindset နဲ့ စိန်ခေါ်မှုမှန်သမျှ လက်ခံဖြေရှင်းနိုင်စွမ်းရှိလာပါတယ်။ အပြောင်းအလဲလုပ်ဖို့လိုအပ်လာရင်လည်း ထိုအပြောင်းအလဲတစ်ရပ်အတွက် ဘယ်လိုစီမံခန့်ခွဲပြီး ဘယ်လိုနည်းလမ်းကျင့်သုံးမလဲ change management၊ ပုံသေကားကျ သမားရိုးကျ နည်းပဲသွားမလား၊ နည်းလမ်းသစ် alternative wayကို ကြိုးစားသုံးကြည့်မလား...... အပြောင်းအလဲလုပ်ဖို့ဝန်မလေးတတ်တဲ့ အနေအထားတစ်ခုဆီ ရောက်လာတယ်ဆိုရင်ပဲ... ကိုယ့်အတွက်အားသာချက်တွေ ပေါ်ထွက်လာတာလို့ ဆိုရမှာဖြစ်ပြီး မှန်ကန်ပြီးတန်ဖိုးရှိတဲ့ ဆုံးဖြတ်ချက်တွေချဖို့လည်း ခက်ခဲတော့မှာ မဟုတ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံနှင့် ပြပွဲ တက်ရောက်



နေပြည်တော် မတ် ၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အိန္ဒိယနိုင်ငံ အာသံပြည်နယ် Guwahati မြို့တွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပသည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံနှင့် ပြပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာအရ ဆီမီးဖယောင်းတိုင်မီးထွန်းညှိ၍ စတင်ဖွင့်လှစ်ခဲ့ပြီး အိန္ဒိယနိုင်ငံ အာယုဗ္ဗေဒဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**အခြေခိုင်မာစွာရပ်တည်ခဲ့**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ရပ်တည်ခဲ့သည့် ဆေးပညာရပ် တစ်ရပ်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌လည်း မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ တိုင်းရင်းဆေးဝါးများကို အသုံးပြု၍ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းဆေးပညာရပ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မန္တလေးတွင် တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်၍ တိုင်းရင်းဆေးသမားတော်များ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ယနေ့ညီလာခံတွင် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ တိုင်းရင်းဆေးနယ်ပယ်မှ တိုင်းရင်းဆေးပညာရှင်များ၊ ဆေးဝါးကွပ်ကဲရေးအဖွဲ့များမှ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား တိုင်းရင်းဆေးနှင့် ပတ်သက်၍ ဘက်စုံကဏ္ဍစုံမှ စဉ်းစားသုံးသပ်မှုများလုပ်ဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ တိုင်းရင်းဆေးကဏ္ဍ စီးပွားဆက်ဆံမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ တိုင်းရင်းဆေးသုတေသနများ ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရေး၊ တိုင်းရင်းဆေးများ၏ အရည်အသွေး၊ လုံခြုံစိတ်ချရမှုနှင့် အစွမ်းထက်မှုများ မြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယနေ့ကျင်းပသော ညီလာခံနှင့် ပြပွဲသည် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြား တိုင်းရင်းဆေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် နားလည်ယုံကြည်မှုဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ အာယုဗ္ဗေဒ၊ ဆိပ်ကမ်းနှင့် ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး H.E Shri Sarbanada Sonowal က အဖွင့်မိန့်ခွန်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များသည် ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာဆိုင်ရာ ဆွေးနွေးပွဲများသို့ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် တက်ရောက်၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ညီလာခံနှင့် ပြပွဲသို့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံ၊ လေ့လာသူနိုင်ငံ သုံးနိုင်ငံနှင့် မိတ်ဖက်နိုင်ငံ ၁၃ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ ဆေးဝါးကွပ်ကဲရေးအဖွဲ့များမှ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှုမြှင့်တင်နိုင်ရေးကြိုးပမ်း



နေပြည်တော် မတ် ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပန်းတနော်မြို့နယ်ရှိ Global Earth စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းထွက် တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်း အများပိုင် ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူထုတ်လုပ်သည်မှ အသင့်စားသုံးနိုင်သော ငါးအခြေခံတန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်တစ်ခုလုံးကို တစ်နေရာတည်းတွင် စုဖွဲ့ဆောင်ရွက်နေမှု၊ ဝန်ထမ်း ၆၀၀၀ ကျော် တိုက်ရိုက်ခန့်ထားဆောင်ရွက်နေမှုနှင့် ဆက်စပ်အလုပ်အကိုင် အခွင့်အလမ်း ၅၀၀၀၀ ကျော်အား အကျိုးပြုနေမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်တွင်းငါးစားသုံးမှုဖူလုံရေးနှင့် ရေထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချနိုင်မှု တိုးမြှင့်ရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် ပုဂ္ဂလိကပိုင်း၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်ဆောင်ရွက်ခြင်းအပြင် လုပ်ကွက်ငယ် ငါးမွေးတောင်သူများအား လက်တွဲခေါ်ယူ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ကြမ်းတင်ပို့ရောင်းချခြင်းထက် တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းကွင်းဆက်တစ်လျှောက်၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်၍ စွန့်ဦးတီထွင် ဆောင်ရွက်သူနှင့် ပူးပေါင်းပါဝင်သူများ ဟန်ချက်ညီကြိုးပမ်းကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Global Earth စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းထွက် တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်း အများပိုင်ကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ BIOMASS POWER PLANT တည်ဆောက်နေမှုနှင့် ခေတ်မီနည်းစနစ်အသုံးပြု၍ ငါးသားဖောက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ ငါးလုပ်ငန်းသိပ္ပံသို့ ရောက်ရှိကြပြီး တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ငါးလုပ်ငန်းသိပ္ပံကျောင်း အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ရေး၊ ကျောင်းဥပစာ သာယာလှပစေရေးနှင့် ကျောင်းအဝင် လမ်းအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် တွံတေးမြို့နယ် ရွှေမယင်းကွင်းဒေသ (ကကယာ-၂)ငါးကန်များမှ ကွင်းပေါက်ကျေးရွာအထိ ချောင်းဟောင်းပြန်လည်တူးဖော်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးမြေဧက ၈၀၀၀ ၏ ရေဘေးကာကွယ်ရေးနှင့် နွေစပါး ဧက ၂၆၀ ကျော်ကို စိုက်ပျိုးရေ အကျိုးပြုနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော်မရှင်အဖွဲ့ဝင်များ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်လေးများ ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်လေးများ ဘိုးဘွားရိပ်သာတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်လေးများ ဘိုးဘွားရိပ်သာတို့၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးမှု စသည့် အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိနှင့် ဘိုးဘွားအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်လေးများ ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးတိုးတက်စေရေးတွင် ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ပံ့ပိုးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် အမေးအဖြေကဏ္ဍ

**မေး –** **အာဆီယံရဲ့ Dialogue Partnership အကြောင်းနဲ့ မြန်မာနိုင်ငံမှ အာဆီယံ Dialogue Partnership အခန်းကဏ္ဍမှာ မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နေတဲ့အကြောင်း ကနဦး အနေနဲ့ မိတ်ဆက်ပြောပြစေလိုပါတယ်။**

ဖြေ – အာဆီယံပဋိညာဉ်စာတမ်းရဲ့ အပိုဒ်(၄၁) အရ အာဆီယံဟာ ပြင်ပနိုင်ငံများ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးထားရှိပြီး အပြန်အလှန်အကျိုးစီးပွားအတွက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံနဲ့ မိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့ နိုင်ငံများအနေနဲ့လည်း အာဆီယံပဋိညာဉ်စာတမ်းရဲ့ အခြေခံမူများကို လိုက်နာရမှာ ဖြစ်ပါတယ်။

အာဆီယံနဲ့ ဆွေးနွေးဖက်ဆက်ဆံရေး ထူထောင်ထားတဲ့ (၁၁)နိုင်ငံက ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဖြစ်ကြပါတယ်။ အာဆီယံနဲ့ ကဏ္ဍအလိုက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့ ခြောက်နိုင်ငံက ဘရာဇီး၊ နော်ဝေ၊ ပါကစ္စတန်၊ ဆွစ်ဇာလန်၊ တူကီယဲ၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတို့ ဖြစ်ကြပြီး အာဆီယံနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့ လေးနိုင်ငံက ချီလီ၊ ပြင်သစ်၊ ဂျာမနီနဲ့ အီတလီတို့ဖြစ်ပါတယ်။ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အာဆီယံအပေါင်းသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနဲ့ အာဆီယံဒေသဆိုင်ရာဖိုရမ်တို့ပဲ ဖြစ်ကြပါတယ်။

**အာဆီယံသည် အဓိကဦးဆောင်သူဖြစ်**

အာဆီယံနဲ့ ပြင်ပဆက်ဆံရေးမှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှာ အာဆီယံသည် အဓိကဦးဆောင်သူဖြစ်ပြီး အာဆီယံအဓိကကျမှုကို ထိန်းသိမ်းထားပါတယ်။ စည်းလုံးညီညွတ်မှုကို အခြေခံပြီး တူညီဆန္ဒရရှိရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ အာဆီယံဆွေးနွေးဖက်နိုင်ငံများနဲ့ ဆက်ဆံရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ညှိနှိုင်းရေးမှူးနိုင်ငံအဖြစ် အလှည့်ကျ တာဝန်ယူဆောင်ရွက်ရပါတယ်။ ညှိနှိုင်းရေးမှူးနိုင်ငံဟာ အာဆီယံရဲ့ အခြေခံမူများနဲ့အညီ အပြန်အလှန်လေးစားမှုအပေါ် အခြေခံပြီး ဆက်ဆံရေးမြှင့်တင်နိုင်ဖို့ အာဆီယံကို ကိုယ်စားပြုညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။ အာဆီယံနဲ့ ပြင်ပမိတ်ဖက်နိုင်ငံများနဲ့ ပြုလုပ်တဲ့အစည်းအဝေးများမှာ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်တာ ကာလအတွက် ဖိလစ်ပိုင်နိုင်ငံထံမှ လွှဲပြောင်းရယူခဲ့ပြီး အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးတိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး –** **မြန်မာနိုင်ငံမှ လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့ တရုတ်နိုင်ငံရဲ့ ညှိနှိုင်းရေးမှူးနိုင်ငံအနေနဲ့ အဓိကတာဝန်ယူဆောင်ရွက်ပေးခဲ့ရတဲ့ အတွေ့အကြုံများကို သိရှိလိုပါတယ်။**

ဖြေ – ၁၉၉၁ ခုနှစ် အာဆီယံ-တရုတ်ဆက်ဆံရေး စတင်ချိန်မှစလို့ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးဟာ အာဆီယံရဲ့ အတက်ကြွဆုံးနဲ့ အနှစ်သာရအရှိဆုံး ဆွေးနွေးဖက်ဆက်ဆံရေးများအနက် တစ်ခုဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်(၃)ရပ်လုံးမှာ ပြည့်စုံကျယ်ပြန့်တဲ့ယန္တရားများ တည်ထောင်ခဲ့ပြီး ဆယ်စုနှစ်(၃)ခုအတွင်း ချစ်ကြည်ရင်းနှီးမှုရှိပြီး ခိုင်မာနက်ရှိုင်းကာ အပြန်အလှန်အကျိုးစီးပွားကို ဖြစ်ထွန်းစေတဲ့




အပြင် ဒေသတွင်း အေးချမ်းတည်ငြိမ်သာယာဝပြောရေးကို အထောက်အပံ့ဖြစ်စေတာမို့ အာဆီယံ-တရုတ်ဆက်ဆံရေးဟာ အာဆီယံအတွက် အရေးကြီးတဲ့ ဆွေးနွေးဖက်ဆက်ဆံရေးတစ်ခုဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုဟာ ကဏ္ဍစုံ ပြည့်စုံကျယ်ပြန့်တာမို့ ညှိနှိုင်းရေးမှူးနိုင်ငံရဲ့ တာဝန်ဟာ များပြားလှပါတယ်။

**လမ်းပြမြေပုံ**

အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေးမှာ အဓိက မဏ္ဍိုင်(၂)ရပ်ကတော့ အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာကျတဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)နဲ့ တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာကြေညာချက် (DOC) အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်တို့ဖြစ်ပြီး ၎င်းတို့ဟာ အာဆီယံ-တရုတ် ဆက်ဆံရေးအတွက် လမ်းပြမြေပုံပဲဖြစ်ပါတယ်။ ဦးစွာ လုပ်ငန်းစီမံချက်နဲ့ ပတ်သက်ပြီး ရှင်းပြလိုပါတယ်။ DOC Work Plan ကို သီးခြားရှင်းပြပါမယ်။ လုပ်ငန်းစီမံချက်ဟာ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်ဖြစ်တဲ့ နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုစတဲ့ ကဏ္ဍအားလုံးပါဝင်ပြီး ပြည့်စုံကျယ်ပြန့်တဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေဖြစ်တာမို့ သက်ဆိုင်ရာကဏ္ဍအလိုက် (Sectoral bodies) အသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါတယ်။ ညှိနှိုင်းရေးမှူးနိုင်ငံအနေနဲ့ အဆိုပါလုပ်ငန်းစီမံချက်ရဲ့ တိုးတက်မှုအစီရင်ခံစာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ ညှိနှိုင်းပြုစုပြီး နှစ်စဉ် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးသို့ တင်ပြရပါတယ်။

အာဆီယံ-တရုတ် မဟာဗျူဟာကျတဲ့ မိတ်ဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်မှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံ-တရုတ် မဟာဗျူဟာကျတဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မျှော်မှန်းချက်စာတမ်း (၂၀၃၀) နဲ့ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အထူးထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံ-တရုတ် ပူးတွဲကြေညာချက်တို့ဟာလည်း အာဆီယံ-တရုတ် ဆက်ဆံရေးရဲ့ အရေးကြီးတဲ့ နိုင်ငံရေးစာတမ်းများဖြစ်ပြီး အနာဂတ်လုပ်ငန်းစဉ်များဖြစ်တာမို့ ထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့ ညှိနှိုင်းရေးမှူးနိုင်ငံက ဦးဆောင်ဦးရွက်ပြုကာ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရပါတယ်။

နှစ်အလိုက် ဦးစားပေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာမှာလည်း မြန်မာနိုင်ငံအနေနဲ့ ဆွေးနွေးဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ အဆိုပြုချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ ဆက်လက်အကြောင်းကြားပြီး အဖွဲ့ဝင်နိုင်ငံများရဲ့ တူညီဆန္ဒနဲ့အညီ တရုတ်ဘက်နဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ထိုနည်းတူစွာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ဘုံစိတ်ဝင်စားမှုရှိတဲ့ ကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဖို့ တရုတ်ဘက်နဲ့ ညှိနှိုင်းပေးရပါတယ်။ အဲဒီလိုပူးပေါင်းဆောင်ရွက်ရာမှာ အာဆီယံက အဓိကမောင်းနှင်စွမ်းအားဖြစ်ဖို့နဲ့ ဒေသတွင်း ဗိသုကာတည်ဆောက်မှုပုံစံကို ထိန်းသိမ်းရာမှာ အာဆီယံအဓိကကျမှုကို ထိန်းသိမ်းဖို့လည်း အရေးကြီးပါတယ်။

နှစ်စဉ် ကျင်းပလေ့ရှိတဲ့ အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ ရလဒ်ကောင်းများရရှိဖို့ ကြိုတင်ပြင်ဆင်မှုအနေနဲ့ အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကို နှစ်စဉ် ဧပြီလ သို့မဟုတ် မေလမှာ ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရပါတယ်။ အစည်းအဝေးကျင်းပရေးအတွက် နေရာ၊ နေ့ရက်၊ ဆွေးနွေးမယ့် ဘာသာရပ်အစီအစဉ်များကိုလည်း ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ အာဆီယံအကြား ညှိနှိုင်းသဘောတူညီမှုရရှိဖို့ ဆောင်ရွက်ပေးရပါတယ်။

**ညှိနှိုင်းသဘောတူညီမှုရယူ**

အဲဒီလို ညှိနှိုင်းဆောင်ရွက်ပေးရာမှာ မူဝါဒချမှတ်ဆောင်ရွက်ရတဲ့ကိစ္စများနဲ့ ခေါင်းဆောင်အဆင့် ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်မယ့် ပူးတွဲကြေညာချက်အတွက် သဘောတရားစာတမ်းတွေ ညှိနှိုင်းရာမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနက အာဆီယံနဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူများအကြား ဦးစွာ ညှိနှိုင်းသဘောတူညီမှုရယူပါတယ်။ သဘောတရားစာတမ်းဆိုတာကတော့ ပူးတွဲကြေညာချက် ထုတ်ပြန်ရတဲ့ နောက်ခံအကြောင်းတရား၊ ရည်ရွယ်ချက်၊ ပူးတွဲကြေညာချက်မှာ ထည့်သွင်းဖော်ပြမယ့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ဖော်ပြထားသည့် စာတမ်းဖြစ်ပါတယ်။ အဲဒီသဘောတရားစာတမ်းအပေါ် မူအားဖြင့် သဘောတူညီမှုရရှိပြီးသည့်နောက် ပူးတွဲကြေညာချက်မူကြမ်းရဲ့ စာသားများကို ဆက်လက်ညှိနှိုင်းရာမှာတော့ ဂျကာတာမှာရှိတဲ့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ဦးဆောင်ပြီး အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ (CPR)နဲ့ တရုတ်အဖွဲ့ရုံးတို့အကြား ဆက်လက်ညှိနှိုင်းကြတာဖြစ်ပါတယ်။ သိမ်မွေ့နက်နဲတဲ့ အချို့ကိစ္စရပ်များဖြစ်တဲ့ တောင်တရုတ်ပင်လယ်မှာ နိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာကြေညာချက်(DOC) အကောင်အထည်ဖော်ရေးနဲ့ပတ်သက်တဲ့ ပူးတွဲကြေညာချက်ကို ညှိနှိုင်းရာမှာတော့ ကြေညာချက်ရဲ့မူဘောင် (Structure of Joint Statement) ကို Head Quarter က ညှိနှိုင်းပြီး ကျန်အပိုင်းကို CPR မှာ ညှိနှိုင်းကြတာပဲ ဖြစ်ပါတယ်။

အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ထူးခြားချက်မှာ နှစ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးနှစ်များ သတ်မှတ်လေ့ရှိတာဖြစ်ပါတယ်။ ယခင်နှစ် ၂၀၂၂ ခုနှစ်ကို အာဆီယံ-တရုတ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ယခုနှစ် ၂၀၂၃ ခုနှစ်ကိုတော့ အာဆီယံ-တရုတ် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အစားအစာဖူလုံရေး ပူးပေါင်းဆောင်ရွက်မှုနှစ်အဖြစ် သတ်မှတ်ထားပါတယ်။ လာမယ့်နှစ် ၂၀၂၄ ခုနှစ်ကိုတော့ အာဆီယံ-တရုတ် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှစ်အဖြစ် သတ်မှတ်ကာ ပြည်သူအချင်းချင်း ထိတွေ့ဖလှယ်မှုများကို တိုးမြှင့်လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်။

**မေး –** **မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံအနေနဲ့ လိုက်ပါဆောင်ရွက်နေသလို Dialogue Partnership ဘက်မှာလည်း ပြည့်ဝစွာ လုပ်ဆောင်နေတယ်ဆိုတာ ဘယ်လိုအချက်အလက်တွေအရ သိသာမြင်သာနိုင်ပါသလဲ။**

ဖြေ – မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ကို စတင်ဝင်ရောက်တဲ့ ၁၉၉၇ ခုနှစ်မှစတင်ပြီး အာဆီယံပဋိညာဉ်စာတမ်းကို လိုက်နာလျက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ဝတ္တရားများကို မပျက်မကွက် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌတာဝန်ယူပြီး အာဆီယံအဖွဲ့ကြီးနဲ့ မိမိတို့ဒေသအသိုက်အဝန်းအတွက် အကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြု အကောင်အထည်ဖော်ခဲ့ပါတယ်။

**ထင်ရှားတဲ့တိုးတက်မှုများရှိခဲ့**

အလားတူ မြန်မာနိုင်ငံက ညှိနှိုင်းရေးမှူးတာဝန်ယူချိန်ကစလို့ အာဆီယံ-တရုတ်ဆက်ဆံရေးမှာ ထင်ရှားတဲ့တိုးတက်မှုများရှိခဲ့ပြီး အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို ပံ့ပိုးမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးတွဲကြေညာချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ အာဆီယံ-တရုတ် ပူးတွဲကြေညာချက်များကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ (၂၄)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အာဆီယံ-တရုတ်ဆက်ဆံရေးမှာ သမိုင်းမှတ်တိုင်သစ်အဖြစ် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ဖို့ မြန်မာနိုင်ငံက အာဆီယံနဲ့ တရုတ်အကြား ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ရာ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ အာဆီယံ-တရုတ် ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အထူးထိပ်သီးအစည်းအဝေးမှာ အာဆီယံ-တရုတ် ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် ထူထောင်ကြောင်း ကြေညာနိုင်ခဲ့ပါတယ်။ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ မြန်မာနိုင်ငံရဲ့ ဦးဆောင်ညှိနှိုင်းမှုနဲ့ အာဆီယံ-တရုတ်လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)၏ နောက်ဆက်တွဲကို ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ပြုလုပ်ခဲ့တဲ့ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ဦးဆောင်ညှိနှိုင်းမှုနဲ့ တောင်တရုတ်ပင်လယ်မှာ နိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာစာတမ်း နှစ်(၂၀) ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ပူးတွဲကြေညာချက်၊ အာဆီယံ-တရုတ် သာတူညီမျှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နဲ့ အစားအစာဖူလုံရေးဆိုင်ရာ ပူးတွဲကြေညာချက်များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၂၅)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**စာမျက်နှာ ၁၁ သို့ ❋**

❋ စာမျက်နှာ ၁၀ မှ

တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ်ကို ညှိနှိုင်းဆွေးနွေးမှုမှာလည်း မြန်မာနိုင်ငံက အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့ခေါင်းဆောင်များနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆွေးနွေးညှိနှိုင်းမှု ငါးကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ တိုးတက်မှုများလည်းရှိပါတယ်။

ယင်းသို့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်များကို ဆောင်ရွက်နေတဲ့ကြားမှာပဲ အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ မိမိတို့ ပြည်တွင်းနိုင်ငံရေးအခြေအနေကို အသုံးချပြီး မြန်မာနိုင်ငံကို အခြားသော အာဆီယံနိုင်ငံများနဲ့ တန်းတူမဟုတ်တဲ့ ဆက်ဆံရေးမျိုးကို ဆောင်ရွက်လျက်ရှိပါတယ်။

### တာဝန်သိညှိနှိုင်းရေးမှူးနိုင်ငံ

မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးများနှင့် ထိပ်သီးအစည်းအဝေးများကို အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ တန်းတူရည်တူ ဖိတ်ကြားခြင်းမခံရတဲ့အတွက် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးများနဲ့ အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ယင်းအစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးနဲ့ ရလဒ်ကောင်းများရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သလို အဆိုပါအစည်းအဝေးများအတွက် Document kit ဖြန့်ဝေခြင်း အပါအဝင် ယင်းအစည်းအဝေးများမှာ အာဆီယံဥက္ကဋ္ဌက ဖတ်ကြားတဲ့ ASEAN Common Statement ကိုလည်း တာဝန်သိညှိနှိုင်းရေးမှူးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကပဲ ရေးသားပြုစု ညှိနှိုင်းဖြန့်ဝေပေးခဲ့ရပါတယ်။

ဒီအချက်တွေဟာ မြန်မာနိုင်ငံဟာ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးနိုင်ငံ တာဝန်ကို ပြည့်ဝစွာ လုပ်ဆောင်နေတယ်ဆိုတာကို သိသာထင်ရှားစေပါတယ်။

**မေး -** အထက်မှာ ဖြေကြားခဲ့ရာမှာ မြန်မာနိုင်ငံအနေနဲ့ DOC အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ရဲ့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ နိုင်ငံတကာစိတ်ဝင်စားမှု မြင့်မားတဲ့ ဒီတောင်တရုတ်ပင်လယ်အရေးကိစ္စကို အာဆီယံနဲ့တရုတ်အကြား ဘယ်လိုညှိနှိုင်းဆောင်ရွက်နေပြီး တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (COC)ဆွေးနွေးမှုမှာ တိုးတက်မှုတွေ ဘယ်လောက်အတိုင်းအတာအထိ ရနေပြီလဲဆိုတာ သိလိုပါတယ်။

**ဖြေ -** တောင်တရုတ်ပင်လယ်အပါအဝင် ဒေသတွင်းအေးချမ်းတည်ငြိမ်မှုကို ထိန်းသိမ်းဖို့ အာဆီယံနှင့် တရုတ်နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက်ကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဆိုပါကြေညာချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့က ပူးတွဲလက်မှတ်ရေးထိုးခဲ့တဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ပထမဆုံး နိုင်ငံရေးစာတမ်းတစ်ရပ်ဖြစ်တဲ့အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး တောင်တရုတ်ပင်လယ် အေးချမ်းတည်ငြိမ်ရေးကို ထိန်းသိမ်းဖို့နဲ့ အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် နိုင်ငံရေးကတိကဝတ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးဖြစ်တာမို့ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်မှာ တရုတ်နိုင်ငံနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ DOC အကောင်အထည်ဖော်ရေးမှာ အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး (JWG-DOC)နဲ့ အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM-DOC) ဆိုပြီး လုပ်ငန်းစဉ်များ ရှိပါတယ်။ အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM-DOC) မှာ တရုတ်နိုင်ငံနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆောင်ရွက်ပြီး အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး (JWG-DOC)မှာ တရုတ်နိုင်ငံနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်က ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကပ်ရောဂါရဲ့ စိန်ခေါ်မှုများရှိခဲ့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံအနေဖြင့် DOC အပြည့်အဝ ထိရောက်စွာအကောင်အထည်ဖော်ရေးနဲ့ ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာဥပဒေနှင့်အညီ ထိရောက်၍ အနှစ်သာရပြည့်ဝတဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ အပြီးသတ်ရေးအတွက် တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး(COC) ညှိနှိုင်းမှုကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်ခြင်းမှတစ်ဆင့် ထိရောက်၍ အနှစ်သာရပြည့်ဝတဲ့ COC အပြီးသတ်ရေးအတွက် အရှိန်အဟုန်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံက ပူးတွဲဥက္ကဋ္ဌအဖြစ် လုပ်ငန်းအဖွဲ့အစည်းအဝေး ငါးကြိမ်ကို ပြုလုပ်ခဲ့ပြီး ဆွေးနွေးမှုများမှာ တိုးတက်မှုများရှိခဲ့ပါတယ်။

၂၀၂၂ ခုနှစ် ဩဂုတ်လမှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ဆွေးနွေးဖက်တရုတ်နိုင်ငံနဲ့ ကျင်းပတဲ့ အစည်းအဝေးမှာ အာဆီယံနှင့် တရုတ်နိုင်ငံအနေဖြင့် COC ဆွေးနွေးညှိနှိုင်းမှုကို အရှိန်မြှင့်တင်ရန် ပြင်းပြတဲ့ ရည်မှန်းချက်ကို ထပ်လောင်းခိုင်မာစေပြီး တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး (COC) ရဲ့ တစ်ခုတည်းသော ညှိနှိုင်းစာသားကို ဒုတိယအကြိမ် ဆွေးနွေးခြင်းကို ဆောလျင်စွာအပြီးသတ်ဖို့ မျှော်မှန်းခဲ့ကြပါတယ်။ ဆွေးနွေးမှုမှာ တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံးရဲ့ တစ်ခုတည်းသော ညှိနှိုင်းစာသား၏ အထွေထွေပြဋ္ဌာန်းချက်၊ အခြေခံတာဝန်ယူဆောင်ရွက်ရမယ့် ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပါတယ်။

DOC အကောင်အထည်ဖော်ရေးနဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (COC)ညှိနှိုင်းမှုကို အရှိန်မြှင့်တင်ဖို့ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုလည်း မြန်မာနိုင်ငံက ပြုစုဖြန့်ဝေပေးခဲ့ပါတယ်။ လုပ်ငန်းစီမံချက်အောက်မှာ အဏ္ဏဝါသိပ္ပံသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် အဏ္ဏဝါသိပ္ပံသုတေသနသင်တန်းတို့ကို ၂၀၂၁ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်တွေမှာ အသီးသီးပြုလုပ်ခဲ့ပါတယ်။

၂၀၂၂ ခုနှစ်ဟာ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) လက်မှတ်ရေးထိုးခြင်း နှစ်(၂၀)ပြည့် နှစ်ပတ်လည် အခါသမယဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုနဲ့ ကြိုးပမ်းမှုအောက်မှာ အာဆီယံနဲ့ တရုတ်နိုင်ငံအနေဖြင့် DOC နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ပူးတွဲကြေညာချက်ညှိနှိုင်းမှုမှာ တူညီဆန္ဒရရှိခဲ့ပြီး အဆိုပါပူးတွဲကြေညာချက်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၂၅)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပါတယ်။

### မျှဝေဆွေးနွေး

DOC လက်မှတ်ရေးထိုးခြင်း နှစ်(၂၀)ပြည့် နှစ်ပတ်လည်အခါသမယကို ဆင်နွှဲတဲ့အနေနဲ့ DOC နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့မှာ လည်းကောင်း အွန်လိုင်းနဲ့ အော့ဖ်လိုင်း ပုံစံနှစ်မျိုးဖြင့် အောင်မြင်စွာ ကျင်းပခဲ့ရာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများမှာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးက အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်က Moderator အဖြစ် ဆောင်ရွက်ခြင်း၊ COC ဆွေးနွေးခြင်းအပိုင်းမှာ Speaker အဖြစ် ဆောင်ရွက်ခြင်းတို့ဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ ရလဒ်များဖြစ်စေမယ့် COC ဆွေးနွေးမှုလုပ်ငန်းစဉ်မှာ ရှေ့ဆက်သွားနိုင်မယ့် နည်းလမ်းများကို မျှဝေဆွေးနွေးခဲ့ကြပါတယ်။




### ညှိနှိုင်းပေးသွားဖို့ရှိ

၂၀၂၁ ခုနှစ်က အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ထိပ်သီးအထူးအစည်းအဝေးမှာ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးကို အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (CSP)အဖြစ် တည်ထောင်ပြီးဖြစ်ပါတယ်။ အာဆီယံ-တရုတ်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးနဲ့ DOC အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ရဲ့ ပူးတွဲဥက္ကဋ္ဌဖြစ်တဲ့ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစတင်မှုမှတစ်ဆင့် အပြုသဘောဆောင်တဲ့ စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး COC ဆိုင်ရာ ညှိနှိုင်းစာသားကို ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးခြင်း (Second reading of the Single Draft Negotiating Text of the COC) မှာ တိုးတက်မှုများရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်။ ယင်းသို့ဆောင်ရွက်ပေးရာမှာ အာဆီယံနဲ့ တရုတ်နိုင်ငံ နှစ်ဖက်စလုံးက လိုက်လျောညီထွေမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပေးအယူမျှတမှုတို့ဖြင့် ဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းပေးသွားဖို့ရှိပါတယ်။

**မေး -** နောက်ဆုံးမေးခွန်းအနေနဲ့ အာဆီယံအဖွဲ့အတွက် တရုတ်နိုင်ငံရဲ့ အရေးပါမှုကို ဘယ်လိုသုံးသပ်နိုင်ပါသလဲ။

**ဖြေ -** တရုတ်ဟာ အာဆီယံရဲ့ အရေးကြီးတဲ့ မိတ်ဖက်နိုင်ငံဖြစ်သလို အာဆီယံဟာ တရုတ်အတွက် အရေးကြီးတဲ့ မိတ်ဖက်အဖွဲ့အစည်းဖြစ်ပါတယ်။ အထက်မှာပြောခဲ့သလို အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးဟာ အာဆီယံရဲ့ အတက်ကြွဆုံးနဲ့ အနှစ်သာရအရှိဆုံး ဆွေးနွေးဖက်ဆက်ဆံရေးများအနက်တစ်ခုဖြစ်ပြီး အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံထဲမှာ တရုတ်ဟာ ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး(CSP)ပထမဆုံး ထူတောင်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့ဟာ ၂၀၂၁ ခုနှစ်မှာ အာဆီယံရဲ့ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး(CSP)နိုင်ငံများ ပထမဆုံးဖြစ်လာကြပြီးနောက်မှာ အခြားဆွေးနွေးဖက်နိုင်ငံများကလည်း အာဆီယံနဲ့ CSP ဆက်ဆံရေးထူထောင်ဖို့ အဆိုပြုလာကြခြင်းဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ အာဆီယံကို ဦးစားပေးနေရာထားရှိပြီး အိမ်နီးချင်းကောင်း ဆက်ဆံရေးထားရှိပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၀၃ ခုနှစ်မှာ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (TAC) သို့ ပထမဆုံးဝင်ရောက်ခဲ့တဲ့ ဆွေးနွေးဖက်နိုင်ငံဖြစ်ပါတယ်။ အခုနှစ် ၂၀၂၃ မှာဆိုရင် တရုတ်နိုင်ငံက TAC သို့ ဝင်ရောက်ခဲ့တဲ့ နှစ် (၂၀) ပြည့် နှစ်ပတ်လည် အခါသမယပဲဖြစ်ပါတယ်။ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်(TAC)သို့ တရုတ်နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဟာ TAC ကို ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေး (inter-state relations)အတွက် ကျင့်ထုံး (Code of Conduct) အဖြစ် TAC ရဲ့ အရေးပါမှုကို များစွာအထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ အလားတူ တရုတ်နိုင်ငံဟာ အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ဇုန်သဘောတူစာချုပ်မှာ ချွင်းချက်မထားဘဲ လက်မှတ်ရေးထိုးဖို့ ဆန္ဒရှိကြောင်း ပထမဆုံးထုတ်ဖော်ပြောကြားခဲ့တဲ့ နိုင်ငံလည်းဖြစ်ပါတယ်။

### စံချိန်သစ်တင်နိုင်

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာလည်း အာဆီယံနဲ့ တရုတ်နိုင်ငံဟာ ၂၀၂၀ ပြည့်နှစ်မှစတင်လို့ အပြန်အလှန် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတွေဖြစ်ကြပြီး ၂၀၂၁ ခုနှစ်မှာ အာဆီယံနဲ့ တရုတ်အကြား ကုန်သွယ်မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၆၆၉ ဘီလီယံအထိ ရောက်ရှိခဲ့လို့ စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှ အာဆီယံကို စီးဆင်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံအထိ ရှိပါတယ်။ နှစ်ဖက်စီးပွားရေးအခွင့်အလမ်းများကို မြှင့်တင်ဖို့ အာဆီယံ-တရုတ်ကုန်စည်ပြပွဲကိုလည်း တရုတ်နိုင်ငံ နန်နင်းမြို့မှာ နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။

ဒါ့အပြင် အာဆီယံနဲ့တရုတ်အကြား ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် နည်းလမ်းရှာဖွေဖို့၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍတို့မှာ အပြန်အလှန်ဖလှယ်ခြင်းဖြင့် နားလည်မှုနဲ့ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ဖို့အတွက် အာဆီယံ-တရုတ်ဗဟိုဌာနကို ၂၀၁၁ ခုနှစ်မှာ စတင်ဖွင့်လှစ်ထားတဲ့အတွက် အာဆီယံနဲ့ တရုတ်အကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ရရှိရုံသာမက အပြန်အလှန် နားလည်မှုရရှိခြင်းမှ ချစ်ကြည်ရင်းနှီးမှု တိုးတက်တည်ဆောက်နိုင်တဲ့ အကျိုးကျေးဇူးများ ရရှိနေပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ပထဝီအနေအထားအရ ထိစပ်လျက်ရှိနေတဲ့ အာဆီယံအတွက် အကျိုးကျေးဇူးများစွာ ဖြစ်စေပါတယ်။

ယမန်နှစ်က (၂၅)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံ-တရုတ် သာတူညီမျှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲကြေညာချက်မှာလည်း အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံသဘောထားအမြင် (AOIP)ရဲ့ ဦးစားပေးကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို အားပေးထောက်ခံဖို့ သဘောတူညီခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ထိလွယ်ရှလွယ်ရှိပြီး အလွန်သိမ်မွေ့တဲ့ တောင်တရုတ်ပင်လယ်အရေးကိစ္စနဲ့ ပတ်သက်ပြီးလည်း တောင်တရုတ်ပင်လယ်ကို အေးချမ်းတည်ငြိမ်သာယာဝပြောတဲ့ ပင်လယ်ပြင်အဖြစ် ထိန်းသိမ်းနိုင်ဖို့ DOC အကောင်အထည်ဖော်ရေးနဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ အပြီးသတ်နိုင်ရေးအတွက် အာဆီယံအနေနဲ့ တရုတ်နိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှု-ယဉ်ကျေးမှုကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အပြန်အလှန် အကျိုးစီးပွားအတွက် မျှဝေကာ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြရတာမို့ တရုတ်နိုင်ငံဟာ အာဆီယံအတွက် အရေးပါသလို အာဆီယံဟာလည်း တရုတ်အတွက် အရေးပါတယ်လို့ မိမိအနေနဲ့ သုံးသပ်ရခြင်းဖြစ်ပါတယ်။

## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါသတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင်ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၂၈-၄-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၃**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော ပြည်သူ့အင်အားပါတီသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရလျှောက်ထားသောပါတီ လေးပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၁၀ ပါတီဖြစ်၍ စုစုပေါင်း ၁၄ ပါတီ ဖြစ်သည်။ ယင်း ၁၄ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ငါးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိသော စည်းရုံးမည့်ပါတီ ကိုးပါတီဖြစ်ပြီး အဆိုပါပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၈)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ် (၃၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော ပြည်သူ့အင်အားပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၃-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အင်အားပါတီ၏ အလံပုံစံ**



**ပြည်သူ့အင်အားပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အားကစားဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်



**မုံရွာ မတ် ၃**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မတ် ၁ ရက် ညနေပိုင်းက မုံရွာမြို့ ကိုယ်ပွားသတင်းစာတိုက်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအေးလွင်၊ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး/ ခရိုင်နှင့် မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြိုးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် ဖွင့်လှစ်ထားသော နွေရာသီအားကစားသင်တန်းများကို ကြည့်ရှုအားပေးသည်။ ထို့နောက် Gym ခန်းမတွင် အားကစား အထောက်အကူပစ္စည်းများဖြင့် နေ့စဉ်လာရောက်လေ့ကျင့် ကစားနေကြသော အားကစားသမားများ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ နည်းပြများ၊ စေတနာဖြင့် လာရောက်ကူညီ နည်းပြပေးနေကြသည့် လက်ရွေးစင်အားကစားသမားဟောင်းကြီးများအားကြည့်ရှုအားပေးသည်။

ထို့နောက် အားကစားခန်းမတွင် နည်းပြများ၊ အားကစားသမားများ၊ သင်တန်းသား သင်တန်းသူ လူငယ်များ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ယခုလို နေ့စဉ်အားကစားလေ့ကျင့်သူများ Gym လာရောက်ကစားလေ့ကျင့်ကြပြီး နည်းပြများနှင့် အားကစားသမားဟောင်းကြီးများက ကူညီပြသပေးနေသည်မှာ ကောင်းမွန်သည့်အစဉ်အလာ ဖြစ်ကြောင်း၊ အားကစားဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုလိုနွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ဘောလုံး၊ မြန်မာ့သိုင်း၊ ကရာတေးဒို၊ Fitness Dance စသည့် အားကစားနည်းအလိုက် သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးပြု ဖြတ်သန်းနိုင်ကြမည်ဖြစ်ကြောင်း၊ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စိတ်ဓာတ်၊ စည်းကမ်းမှုအစ များစွာအထောက်အပံ့ရရှိမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပညာတတ်မြောက်အောင်သင်ယူရန် လိုအပ်သည့်အပြင် အသိပညာ ဗဟုသုတ လေ့လာရှာဖွေပြီး စာပေဖတ်ရှုကြရန်လိုအပ်ကြောင်း၊ ပညာရေးသာမက ယခုကဲ့သို့ ငယ်စဉ်ကတည်းက အားကစားလေ့လာလိုက်စားသွားပါက ကျန်းမာသန်စွမ်း၊ အနာရောဂါကင်းပြီး အသက်ရှည်ရှည်နေနိုင်ကြမည် ဖြစ်ကြောင်း၊ ဇလငါးတန် ပြည့်ဝပြီး နိုင်ငံ့အနာဂတ်အတွက် အဖိုးတန်သားကောင်းရတနာများ ဖြစ်အောင်ကြိုးစားကြစေလိုကြောင်း၊ မိဘဆရာများနှင့် တာဝန်ရှိသူများကလည်း ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

**စာအုပ်စာစောင်များ လှူဒါန်း**

ယင်းနောက် အားကစားသိပ္ပံစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လှူဒါန်းပြီး တက်ရောက်လာကြသူများနှင့်အတူ သင်တန်းသား သင်တန်းသူများ၊ လူငယ်များ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့်အတူ ခရိုင်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ချောင်းဦးမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်နှင့် ကနီမြို့နယ်တို့မှ ဦးစီးမှူးများ၊ ထပ်ဆင့်လွှင့်စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ မုံရွာသတင်းဌာနခွဲမှ ဝန်ထမ်းများ၊ ကိုယ်ပွား သတင်းစာတိုက်တာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟုမ္မလင်းမြို့သို့ ရောက်ရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြန်ကြားခြင်း၊ အသိပေးခြင်း လုပ်ငန်းများကို အခက်အခဲများကြားမှ တတ်နိုင်သရွေ့ ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်နှင့်အညီ ဝန်ထမ်းကောင်းပီသစွာ ကျင့်ကြံနေထိုင်ကြပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပြန်လည်ဆွေးနွေးရှင်းလင်းခဲ့သည်။

ဒုတိယဝန်ကြီးသည် MRTV ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူကြည့်ရှုနိုင်သည့် DVB T2 Set Top Box ၂၀ ကို ဟုမ္မလင်းတပ်နယ် မိသားစုအတွက် တပ်နယ်မှူးသို့လည်းကောင်း၊ ခရိုင်အတွင်း ဝန်ထမ်းမိသားစုများအတွက် အလုံး ၂၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးသို့လည်းကောင်း ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# ဗီယက်နမ်ပါလီမန်က ဗိုဗန်သောင်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်



**ဟနွိုင်း မတ် ၃**

ဗီယက်နမ်ပါလီမန်က ဗိုဗန်သောင်ကို သမ္မတအဖြစ် ယမန်နေ့တွင် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ သမ္မတရာထူးသည် ကွန်မြူနစ်ပါတီခေါင်းဆောင်ပြီးနောက် နိုင်ငံ၏ ဒုတိယ အမြင့်ဆုံးရာထူးဖြစ်သည်။

အသက် ၅၂ နှစ်ရှိပြီဖြစ်သည့် သမ္မတ ဗိုဗန်သောင်သည် ကွန်မြူနစ်ပါတီ၏ အသက်အငယ်ဆုံးသော ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဖြစ်သည်။ သို့သော် ပါတီ၏အဓိကလုပ်ငန်းတာဝန်များ ထမ်းဆောင်ပြီးနောက် ၎င်းအား ဝါရင့်နိုင်ငံရေးသမားတစ်ဦးအဖြစ် ရှုမြင်သုံးသပ်ကြသည်။

သမ္မတဟောင်း ငုယင်ဆွမ်းဖုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံများနှင့် ရင်ဆိုင်နေရပြီး ဇန်နဝါရီလတွင် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ငုယင်ဆွမ်းဖုသည် သမ္မတရာထူးသက်တမ်း မကုန်ဆုံးမီ သက်တမ်းဝက်မှာပင် ရာထူးမှနုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ဗိုဗန်သောင်ကို သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းသည် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများနှင့်ပတ်သက်ပြီး စိုးရိမ်မှုများရှိနေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စိတ်သက်သာရာရစေခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တူကီယဲနိုင်ငံ၌ ငလျင်ဘေးသင့် ကလေးငယ်များ ယာယီဖွင့်လှစ်ထားသည့် စာသင်ကျောင်းများ၌ တက်ရောက်ပညာသင်ယူလျက်ရှိ

**အန်ကာရာ မတ် ၃**

ပြီးခဲ့သည့်လက တူကီယဲနိုင်ငံ၌ ကြီးမားသော ငလျင်လှုပ်ခတ်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများသည် ယာယီအိမ်ရာများ၌ ဖွင့်လှစ်ထားသည့် ယာယီစာသင်ကျောင်းများသို့ တက်ရောက်ကာ ပညာသင်ယူလျက်ရှိကြောင်း သိရသည်။




**လူပေါင်း ၅၁၀၀၀ ကျော် သေဆုံးခဲ့**

ဆီးရီးယား နယ်စပ်အနီး တူကီယဲနိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်။ ငလျင်နှင့် နောက်ဆက်တွဲ လှုပ်ခတ်မှုများကြောင့် လူပေါင်း ၅၁၀၀၀ ကျော် သေဆုံးခဲ့ရာ တူကီယဲနိုင်ငံ၌ စုစုပေါင်း ၄၅၀၈၉ ဦးနှင့် ဆီးရီးယားနိုင်ငံ၌ ၅၉၁၄ ဦး သေဆုံးခဲ့သည်။ ပြည်သူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

တူကီယဲနိုင်ငံ တောင်ပိုင်း နာဒါဂီမြို့ရှိ စာသင်ကျောင်းတစ်ကျောင်းသည် အလယ်တန်းနှင့် အထက်တန်းကျောင်းသူ ကျောင်းသားများအတွက် ပြီးခဲ့သည့်ရက်သတ္တပတ်မှစ၍ အတန်းများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

အလယ်တန်း ကျောင်းသားအယောက် ၂၀ ခန့်သည် အဆိုပါကျောင်းသို့ လာရောက်ပညာသင်ယူလျက်ရှိသည်။

သူငယ်ချင်းများ နှင့်အတူ ကျောင်း ပြန်တက်ရသည်မှာ အလွန်ပင် ပျော်ရွှင်ပါကြောင်း ကျောင်းသားတစ်ဦးက ဆိုသည်။

သို့သော် ငလျင်လှုပ်ခတ်မှုကြောင့် သူငယ်ချင်းလေးယောက် အသက်ဆုံးရှုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ငလျင် လှုပ်ခတ်မှုအတွင်း ဒဏ်ရာရရှိခဲ့သည့် အင်္ဂလိပ်ဘာသာပြဆရာမတစ်ဦး အပါအဝင် စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် အဆိုပါကျောင်းကို ပြန်လည် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

**မျှဝေခံစားပေးရန် အရေးကြီး**

သင်ခန်းစာများ သင်ကြားခြင်းအပြင် ကျောင်းသား ကျောင်းသူများအား သူတို့ဖြတ်သန်းခဲ့ရသည့် အကြောင်းအရာများကို ပြောပြပြီး သူတို့၏ စိတ်ခံစားချက်များကို မျှဝေခံစားပေးရန် အရေးကြီးကြောင်း ဆရာမတစ်ဦးက ဆိုသည်။

တူကီယဲနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် စာသင်ကျောင်းများ ပြိုကျပျက်စီးခဲ့ရသည့်အတွက် ကလေးလေးသန်းနီးပါး ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးသွားနိုင်ဖွယ် ရှိကြောင်း ယူနီဆက်ဖ်၏ ဥရောပနှင့် အလယ်ပိုင်းအာရှ ဒေသဆိုင်ရာ ဒါရိုက်တာက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းရောင်းချရေးစတိုးဆိုင် Seven-Eleven က ပစ္စည်းပို့ဆောင်ရေး စက်ရုပ်များ စတင်စမ်းသပ်

**တိုကျို မတ် ၃**

ဂျပန်နိုင်ငံ၏နာမည်ကြီး ကုန်ပစ္စည်းရောင်းချရေးစတိုးဆိုင် Seven–Eleven သည် ပစ္စည်းပို့ဆောင်ရေးစက်ရုပ်များကို ရုံးများနှင့် ဆေးရုံများအတွက် ရည်ရွယ်စမ်းသပ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၎င်းစက်ရုပ်များကို Seven–Elevenလုပ်ငန်း၏ တိုကျိုရုံးခွဲ၌ စမ်းသပ်ဆောင်ရွက်လျက်ရှိရာ ၎င်းစက်ရုပ်သည် ရုံးအဆောက်အအုံအတွင်းရှိ နေရာများသို့ ကုန်ပစ္စည်းတင်ဆောင်သယ်ပို့နိုင်ပြီး ဓာတ်လှေကားဖြင့် အထပ်မြင့်အဆောက်အအုံများသို့ ပစ္စည်းများပေးပို့နိုင်ကြောင်း သိရသည်။

ပစ္စည်းမှာယူမည့်သူသည် ၎င်းစက်ရုပ်အား မိုဘိုင်းဖုန်းတွင် သတ်မှတ်လျှို့ဝှက်နံပါတ်ဖြင့်မှာကြားပါက မိနစ် ၃၀ အတွင်း မှာယူသူထံရောက်ရှိနိုင်ကြောင်း သိရသည်။

၎င်းစက်ရုပ်အား ၂၀၂၄ ခုနှစ်တွင် စတင်အသုံးပြုသွားမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**



# ပြီးခဲ့သည့်နှစ်လအတွင်း ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရရှိ

**ဟန္နိုင်း မတ် ၃**

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ် ဇန်နဝါရီ-ဖေဖော်ဝါရီကာလ ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရှိကြောင်း ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

နိုင်ငံအတွင်း ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်ခြင်းနှင့်အတူ ခရီးသွားလုပ်ငန်းမှ ဝင်ငွေမြင့်တက်လာခဲ့သည်။ အဆိုပါကာလအတွင်း နိုင်ငံတကာခရီးသည် ၁ ဒသမ ၈ သန်းခန့် ဝင်ရောက်လာခဲ့ပြီး ၎င်းပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၅၈ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ဗဟိုစာရင်းအင်းရုံးက ပြောကြားသည်။ ၎င်းကာလအတွင်း တောင်ကိုရီးယားနိုင်ငံမှ ခရီးသည် ၅၆၀၀၀၀၊ အမေရိကန်နိုင်ငံမှ ၁၄၈၀၀၀ နှင့် ထိုင်းနိုင်ငံမှ ၉၇၀၀၀ အသီးသီးဝင်ရောက်ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံတကာခရီးသည် ရှစ်သန်းဝင်ရောက်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံနှင့် စီးပွားရေးစင်္ကြံနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးတက်လာ

**ပေကျင်း မတ် ၃**

တရုတ်နိုင်ငံနှင့် စီးပွားရေးစင်္ကြံနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာကြောင်း တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Chen Chunjiang က ပြောကြားသည်။

**တိုးတက်လာ**

တရုတ်နှင့် စီးပွားရေးစင်္ကြံနိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၁၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ထရီလီယံရှိခဲ့ရာမှ ၂၀၂၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇ ထရီလီယံအထိ တိုးတက်လာခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ပြောကြားသည်။

ယမန်နှစ် နှစ်ကုန်ပိုင်း၌ တရုတ်နိုင်ငံမှ လုပ်ငန်းများသည် စီးပွားရေးစင်္ကြံတွင် ပါဝင်သည့်နိုင်ငံများ၌ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၁၃ ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများရှိ နိုင်ငံသားများအား အလုပ်အကိုင်နေရာ ၄၂၁၀၀၀ ကို ပေးအပ်နိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေးစင်္ကြံဆိုင်ရာနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းနိုင်ငံများသို့ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့ကာ အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးစင်္ကြံဆိုင်ရာနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ မြှင့်တင်ရေးအတွက် တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Chen Chunjiang ကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

နေပြည်တော် မတ် ၃

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ Online မှတစ်ဆင့် လိမ်လည်မှုကျူးလွန်ခြင်း၊ လောင်းကစားခြင်းကိုဗန်းပြ၍ ငွေကြေးလိမ်လည်မှု ကျူးလွန်ခြင်းများကြောင့် ပြည်သူများအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ Online အသုံးပြု၍ လောင်းကစားလုပ်ငန်း၊ ကံစမ်းမဲဖောက်လုပ်ငန်း၊ တရားမဝင်ချေးငွေလုပ်ငန်းလုပ်ကိုင်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ TTbet Online Game လုပ်ငန်း၊ Golden Gift Online ကံစမ်းမဲဖောက်လုပ်ငန်း၊ Money Bag Application၊ Cash Now Application၊ Cola Kyat Application နှင့် U Loan Application တို့အား အသုံးပြုပြီး တရားမဝင် ချေးငွေလုပ်ငန်း လုပ်ကိုင်နေကြသည့် ပြစ်မှုကျူးလွန်သူ ၇၁ ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ရသည်။

ပြစ်မှုကျူးလွန်သူများသည် နိုင်ငံသားစိစစ်ရေးကတ်များ ကို တစ်ကတ်လျှင် တစ်သောင်းကျပ်ဖြင့် ငှားရမ်းပြီး Online လောင်းကစားလုပ်ငန်းများ၊ Online လိမ်လည်မှုများ၊ တရားမဝင်ချေးငွေလုပ်ငန်းများတွင် အသုံးပြုရန် Bank Account များ ဖွင့်လှစ်၍ လုပ်ကိုင်ကြောင်းတွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ် ငှားရမ်းသူများအနေဖြင့်လည်း ဥပဒေအရ အရေးယူခံရနိုင်သည်။

သို့ဖြစ်၍ Online အသုံးပြုပြီး လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ချေးငွေလုပ်ငန်း လုပ်ကိုင်ခြင်းများတွင် ပါဝင်လုပ်ကိုင်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် အကျိုးအမြတ်များကိုလည်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စိစစ်ပြီး အရေးယူခံရမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်း မပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ သီတာအောင်သည် ၎င်းအသုံးပြုသည့် “Thidar Aung” Facebook အကောင့်နှင့် မင်္ဂလာဒုံမြို့နယ် မြောက်ပိုင်းရပ်ကွက်နေ ဝင်းရွှေသည် ၎င်းအသုံးပြုသည့် “Win Shwe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

## မော်လမြိုင်မြို့ ရာမညအားကစားကွင်းသစ် ဖွင့်ပွဲနှင့် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

မော်လမြိုင် မတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့၌ မတ် ၁၉ ရက်တွင် ကျရောက်မည့် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရာမည အားကစားကွင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ရာမည အားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ရာမညအားကစားကွင်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ထို့နောက် မွန်ပြည်နယ်(၁၀)မြို့နယ် အသက်(၁၈) နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အထက ၈ ဘင်ခရာ ပန်းဖွား ကျောင်းသူလေးများ၏ သရုပ်ပြဖျော်ဖြေခြင်း၊ မွန်ရိုးရာ အကအလှ၊ မြန်မာ့သိုင်း၊ Physical Fitness Dance အကများဖြင့် သရုပ်ပြ ဖျော်ဖြေနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မီတာ ၁၀၀နှင့် မီတာ ၄၀၀ အမျိုးသား အမျိုးသမီး အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊တတိယ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ Grade-9 အောင်မြင်သူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ဟောပြော

မိုးနဲ မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ Grade–9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းဆိုင်ရာများ ရှင်းလင်းဟောပြောခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းသန်းဌေး၊ အထက်တန်းပြဆရာမ ဒေါ်သီသီထွန်းနှင့် ဆရာမ ဒေါ်နန်းလေးလေးစုဝေတို့က Grade–9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများသည် အခြေခံပညာအထက်တန်းအဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ မျိုးညွန့်ရွှေ(မိုးနဲ)



# ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန် ယာယီခိုလှုံရာစခန်းမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် မတ် ၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန် ယာယီခိုလှုံရာစခန်းတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင် မိသားစုများသည် ၎င်းတို့၏ သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ အိမ်ထောင်စုဝင်များ လတ်တလော စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေရပ်ပြန် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၄၀ အတွက် ငွေကျပ် သိန်း ၇၀၀ ကို လည်းကောင်း၊ တိုင်းမှူးက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၁၄၀ ကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် လူဦးရေ ၅၃၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၇၈၈၀၀၀ ကို လည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ပုံး ၁၄၀ ကို လည်းကောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စခန်းတာဝန်ခံများထံ ထောက်ပံ့ပေးအပ်ကြသည်။

**မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်**

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် စက်မှုဇုန်ယာယီခိုလှုံရာစခန်းမှ ၎င်းတို့၏ နေရပ်ဒေသဖြစ်သော



ပုဏ္ဏားကျွန်းမြို့နယ် သာစည်ကျေးရွာနှင့် ကျောက်ဆိပ်ကျေးရွာများသို့ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန်ပစ္စည်းများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက မော်တော်ယာဉ်များပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက နေရပ်ပြန် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကာ ၎င်းတို့၏ နေရပ်ကျေးရွာများအရောက် မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဒုတိယအကြိမ် လှူဒါန်းပွဲကျင်းပ

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသော တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဒုတိယအကြိမ် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တန်ဖိုးရှိသည့် စာအုပ်များကို ဝယ်ယူဖြည့်ဆည်းရန် အခက်အခဲရှိနေသော စာကြည့်တိုက်



များရှိနေကြောင်း သိရသည့်အတွက် ယခုလို ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၅၅ သန်း တန်ဖိုးရှိစာအုပ်ပေါင်း ၁၄၀၄၀ ကို ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်ကလည်း ပထမအကြိမ်အဖြစ် ငွေကျပ် ၅၅ သန်းတန်ဖိုးရှိစာအုပ်စာစောင် ၃၂၆၄၀ ကို လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်တွင်လည်း ဘဏ္ဍာငွေပေါ်မူတည်ပြီး စာကြည့်တိုက်များကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဟိန်းလတ်က တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ စာကြည့်တိုက်များအတွက် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၄၄၉ အုပ်ကို တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေအားလည်းကောင်း၊ အကျဉ်းဦးစီးဌာနရှိ စာကြည့်တိုက်အတွက် ငွေကျပ် ၁၁၈၅၂၀၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၅၂၂ အုပ်ကို တာဝန်ရှိသူတစ်ဦးအား လည်းကောင်း၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခရိုင်မှစာကြည့်တိုက် ၁၂၀ အတွက် ငွေကျပ်သိန်း ၅၅၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၁၄၀၄၀ ကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်တာဝန်ခံများအား ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပေးအပ်သော ၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ကိုယ်စား) ညွှန်ကြားရေးမှူး ဦးဆန်းဝင်းအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ကာ လှူဒါန်းပေးအပ်မည့် စာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဌာနဆိုင်ရာများနှင့် တောင်သူများစုပေါင်း၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပုသိမ် မတ် ၃**

(၆၁)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား ဒုတိယနေ့အဖြစ် ဌာနဆိုင်ရာများနှင့် တောင်သူများစုပေါင်း၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။






အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူလယ်သမားနေ့အခမ်းအနားတွင် သီးနှံအမျိုးမျိုး၌ ပန်းတိုင်အထွက်နှုန်း ရရှိသည့် တောင်သူများ၊ မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ အောင်မြင်နေသည့်တောင်သူများက အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများအား တစ်ဆင့်ပြန်လည်မျှဝေဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မွေးမြူရေးတောင်သူများအနေဖြင့် မိရိုးဖလာ မွေးမြူရေးစနစ်မှ အဆင့်မြင့်နည်းပညာသုံး မွေးမြူရေးစနစ်ကိုလည်း စနစ်တကျ မွေးမြူ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် ခေါင်းစဉ်များအလိုက် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်ရာ တစ်ဧက ၁၀ တင်းနှုန်း ပိုမိုထွက်နိုင်မည့် ရေ၊ မြေ၊ သဘာဝရွေးချယ်ခြင်း၊ အထွက်မျိုးကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သွင်းအားစုများထည့်သွင်းအသုံးပြုခြင်း၊ ထုံးထည့်သွင်းခြင်း၊ တစ်သီးမှနှစ်သီး၊ နှစ်သီးမှ သုံးသီးစိုက်သို့ ပြောင်းလဲစိုက်ပျိုးရေး အစရှိသည့် ခေါင်းစဉ်များဖြင့် ဌာနဆိုင်ရာများနှင့် တောင်သူများက အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး စားပွဲဝိုင်းအလိုက် ဆွေးနွေးရရှိသည့် ရလဒ်များကို စုစည်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၆၀ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၃-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၆၄,၁၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၃၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ တစ်ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၀၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၃-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၅ | ၂၃၃၅ | ၂၅၆၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၄ | ၂၁၀၈ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၁၃၈ | ၂၂၁၁ |
| HSD (50 ppm) | ၂၂၁၂ | ၂၂၈၆ |
| HSD (10 ppm) | ၂၂၁၂ | ၂၂၈၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရွှေပြည်သာမြို့နယ်၌ အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ပေး

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန်တာယာစက်ရုံတွင် ကျင်းပသည်။

ရှေးဦးစွာရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတိုင်းဒေသကြီးတာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရန်ကုန်တာယာစက်ရုံမှ အာမခံအလုပ်သမား ဦးမျိုးကိုသည် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့်ငွေကျပ် ၇၆၁၄၆၀၀ အား ကာယကံရှင် ဦးမျိုးကိုထံသို့ သက်ဆိုင်ရာတာဝန်ရှိသူများ ရှေ့မှောက်၌ ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ASEAN Senior Amateur Golf Associations အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ရွေးချယ်ခံရ

**နေပြည်တော် မတ် ၃**

ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပသော 37th ASEAN Senior Amateur Golf Championship 2023 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက် အားကစားအဖွဲ့ (Myanmar Senior Amateur Golfer's Associations) ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ASEAN Senior Amateur Golf Associations အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက် အားကစားအဖွဲ့သည် ယင်းပြိုင်ပွဲကို အာဆီယံ Senior Amateur ဂေါက်သီးရိုက်အားကစားအဖွဲ့၏ ဖိတ်ကြားမှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ASEAN Senior Amateur Golf Associations အဖွဲ့ဝင် ဖြစ်လာရန် ကြိုးပမ်းခဲ့ရာ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများက ဖေဖော်ဝါရီ ၂၈ ရက်တွင် ကန့်ကွက်မဲမရှိဘဲ အဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူလက်ခံခဲ့ရာ ခုနစ်နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာလည်း ASEAN Senior Amateur Golf Associations အဖွဲ့ဝင်ဖြစ်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက် အားကစားအဖွဲ့ ဆပ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးလှမြင့်ရွှေ (မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်)၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းအောင်၊ ဦးကျော်ဝင်း၊ ဦးစိုးလှိုင်၊ ဦးမိုးဆန်းအောင်နှင့် ဦးကျော်စိန်လင်း၊ အတွင်းရေးမှူးအဖြစ် ဦးဝင်းမြင့်ချင်း (မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါက်တာမြင့်ဦး ( မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး)တို့ ပါဝင်ကြသည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MGF**




## မိုးညိုမြို့နယ်၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာ၊ အင်္ဂလိပ်စာ သင်တန်းဖွင့်

**မိုးညို မတ် ၃**



ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် တော်ပြန်ကျေးရွာရှိ ပညာဇောတိမင်္ဂလာ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောသလ္လထံ ဩဝါဒခံယူ၍ တတိယအကြိမ်မြောက် သာသနာ့ပျိုးခင်း နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာ၊ အင်္ဂလိပ်စာ အတတ်သင်တန်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပညာဇောတိမင်္ဂလာကျောင်းတိုက် ဓမ္မာရုံ၌ ပြုလုပ်သည်။

**ငါးပါးသီလခံယူ**

ရှေးဦးစွာ မိုးညိုမြို့နယ် သံဃနာယကအဖွဲ့ဝင် မြောက်ချောကျေးရွာ သုံးပါးရတနာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏ်ကြို က ထံမှ ငါးပါးသီလခံယူကြသည်။

ဆက်လက်၍ သရက်တပင်ကျေးရွာ ဓမ္မသိင်္ဂီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဓိယ၊ တော်ပြန်ကျေးရွာ ပညာဇောတိမင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ဇီးပင်ကျေးရွာ ဓမ္မပါလကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသတို့ထံမှ ဩဝါဒကထာခံယူကြသည်။

အဆိုပါသင်တန်းကိုဆရာတော်၊ သံဃာတော်များနှင့် ကွန်ပျူတာ၊ အင်္ဂလိပ်စာသင်ကြားမည့် ဆရာ ဆရာမများက သင်ကြားပို့ချပေးမည်ဖြစ်သည်။ ယဉ်ကျေးလိမ္မာသင်တန်းကို ကျောင်းသား ကျောင်းသူ ၁၄၆ ဦးအား ၁၅ ရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး ကွန်ပျူတာ၊ အင်္ဂလိပ်စာသင်တန်းကို ကျောင်းသား ကျောင်းသူ ၁၀၀ အား နှစ်လကြာသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**○ စပိန်ကိုပါဒယ်ရေးဖလားမှ**

မီလီတောင်းရဲ့ ခြေထောက်နဲ့ထိခဲ့ကာ ဘာစီလိုနာအသင်း ဂိုးရရှိခဲ့ပြီး အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို အိမ်ကွင်းဘာနေဗျူးမှာ အနိုင်ရရှိထားပြီးဖြစ်တာကြောင့် ဒုတိယအကျော့ အိမ်ကွင်းနူးကမ့်မှာ နည်းပြဇာဗီအနေနဲ့ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ပြင်ဆင်သွားမယ်လို့ ဆိုပါတယ်။

ဘာစီလိုနာအသင်းဟာ အကောင်းဆုံးခံစစ်ပိုင်းကို ပိုင်ဆိုင်ထားပြီး စပိန်လာလီဂါပွဲစဉ် ၂၃ ပွဲမှာ ပေးဂိုး ရှစ်ဂိုးသာ ခွင့်ပြုပေးထားရတဲ့အသင်းဖြစ်ပြီး စပိန်လာလီဂါအမှတ်ပေးဇယားမှာလည်း ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို ခုနစ်မှတ်အထိ ဖြတ်ကာ ဇယားထိပ်ဆုံးက ဦးဆောင်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

**✪ ကျောဖုံးမှ**

ယခုအချိန်သည် မန်ကျည်းထွက်ရှိသည့် ရာသီဖြစ်၍ မန္တလေးဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လျက်ရှိနေကြောင်း၊ ဝင်ရောက်လာသည့် မန်ကျည်းဈေးနှုန်းများသည် ယခုလက်ရှိအချိန်တွင် ဈေးကွက်အတွင်း၌ မန်ကျည်းအစေ့ပါ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ အစေ့လွတ်တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ နှုန်းဖြင့်လည်းကောင်း ဈေးနှုန်းများကောင်းမွန်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန်ကျည်းဈေးကွက်ကို ပြောရရင် မကျည်းတစ်လှည့်၊ ဆီးတစ်လှည့်ဆိုတဲ့ မြန်မာဆိုရိုးအတိုင်း ဒီနှစ်မှာတော့ မန်ကျည်းဈေးကောင်းတဲ့နှစ်ပါပဲ။ ၂၀၂၃ ခုနှစ် မန်ကျည်းရာသီမှာဆိုရင် မန်ကျည်းထွက်ရာ ဒေသတွေအားလုံးမှာ မန်ကျည်းအထွက်နှုန်းကလည်း ကောင်းမယ်လို့ ခန့်မှန်းထားပါတယ်။ မန်ကျည်းက ပြည်တွင်းစားသုံးမှုတင်မကဘဲ ပြည်ပနိုင်ငံတွေကလည်း ဝယ်ယူအသုံးပြုကြပါတယ်။ အခုအချိန်မှာတော့ ဘင်္ဂလားဒေ့ရှ်ကနေ ဝယ်ယူမှုတွေရှိနေပါပြီ။ မန်ကျည်းက ဈေးနှုန်းထပ်တက်ဖို့ အလားအလာရှိနေတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**လှိုင်လှိုင် ဝင်ရောက်လေ့ရှိ**

အဆိုပါ မန်ကျည်းကို ပြည်ပပို့ကုန်အနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများကို နှစ်စဉ် တင်ပို့ရောင်းချနေရကြောင်း၊ မန်ကျည်းကိုအညာဒေသများဖြစ်သည့် ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ပခုက္ကူ၊ မြိုင်၊ ရမည်းသင်း၊ နောင်ချို၊ ဇီးပင်ကြီးနှင့် ပင်လည်ဘူးမြို့များမှ အများဆုံးထွက်ရှိပြီး တပေါင်းလတွင် ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိကာ သင်္ကြန်ကာလအတွင်း ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အလုံခရိုင်)ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲ ပြုလုပ်

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ခေမာသီရိရပ်ကွက် သီရိလမ်း အမှတ် ၃၃–အေ ပထမထပ်၌ ယမန်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC)၏ အလုံခရိုင် ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်သည်။

အခမ်းအနားသို့ တည်ထောင်သူ ဦးအဲလ်ဘတ်ဇော်မင်း၊ MIAC (ရန်ကုန်တိုင်းဒေသကြီး)ခရိုင်ရုံးများဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်၊ MIAC (အလုံခရိုင်)ဥက္ကဋ္ဌ ဦးအောင်စိုးလင်းနှင့် MIAC (ဗဟို/တိုင်းဒေသကြီး/ခရိုင်)မှ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် MIAC (ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး MIAC (ရန်ကုန်တိုင်းဒေသကြီး) တိုင်းရုံးများဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်မှ ခရိုင်အဆင့်ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ပထမဦးဆုံးအနေဖြင့် အလုံခရိုင်ကို အမှုဆောင်ကိုးဦးဖြင့် စတင်ဖွဲ့စည်းပါကြောင်း၊ ဆက်လက်၍ မရမ်းကုန်းခရိုင်နှင့် ဒဂုံမြို့သစ်ခရိုင်တို့ကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် MIAC(အလုံခရိုင်)ဆိုင်းဘုတ်ကိုတာဝန်ရှိသူများ၊ အမှုဆောင်များက အောင်သပြေဖြင့် နံ့သာရည်များ ပက်ဖျန်းဆုတောင်းကြကြောင်း သိရသည်။

**မောင်မောင်(လှိုင်စစ်)**

## မန္တလေးမြို့၌ တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တပေါင်းလပြည့်နေ့ မြန်မာ့ရိုးရာ တပေါင်းပွဲတော်ကို မတ် ၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တပေါင်းပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

အဆိုပါ တပေါင်းပွဲတော်တွင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားရင်ပြင်တော်၌ အဋ္ဌမအကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ ရွှေစာရံစေတီတော်၏ (၇၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်းနှင့် ညနေပိုင်းတွင် မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအတွင်း တပေါင်းလပြည့်ပွဲတော် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် စတုဒိသာအကျွေးအမွေးများအပြင် ကျောက်ဆည်ဆင်အကအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများအကအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခေတ်ပေါ်တီးဝိုင်းနှင့် ပန်တျာကျောင်းသမီးပျိုများ တင်ဆက်မှု၊ ရှမ်းရိုးရာအက၊ မြို့မတီးဝိုင်း၊ DJ တီးဝိုင်းတို့ဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအား ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**မောင်အေးချမ်း**



မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 8 Lesson 3: How much do you want?

**I. Choose a little or a few.**

1. I have __________ meat left in my plate.
2. There is __________ milk in the glass.
3. She drank __________ wine yesterday.
4. They saw __________ people inside the shop.
5. I need __________ pens to give to the students.
6. Can I have __________ bread, please?
7. There are only __________ students left in the classroom.
8. Ko Htwe has __________ books in his backpack.
9. There's __________ rice in the rice pot.
10. I borrowed __________ movies from my friend.

**II. Complete the sentences with 'some' or 'any'.**

1. We didn't buy __________ flowers.
2. This evening I'm going out with __________ friends of mine.
3. I didn't have __________ money, so I had to borrow __________.
4. Can I have __________ milk in my coffee, please?
5. I was too tired to do __________ work.
6. Do you have __________ pens?
7. Yin Yin doesn't like __________ of my friends.
8. There are __________ people waiting for you.
9. Thu Thu doesn't speak __________ English at all.
10. I have __________ fruit and vegetables.

**III. Fill in the blanks with 'much' or 'many'.**

1. How __________ legs does a spider have?
2. How __________ milk does your cow give?
3. I have told you this __________ times before.
4. There's not __________ food in the fridge for you.
5. __________ people drive cars these days.
6. I don't have __________ money in my pocket.
7. __________ animals live in the jungle.
8. I don't need __________ sugar in my coffee.
9. My brother has __________ positive qualities.
10. There is not __________ left.

**IV. Choose 'How much' or 'How many' to complete the sentences correctly.**

1. __________ apples have you got?
2. __________ bread have we got?
3. __________ chairs do you need for the party?
4. __________ water do you drink a day?
5. __________ sugar did you put in your coffee?
6. __________ bottles of orange juice do we have?
7. __________ students are there in your class?
8. __________ cars are there in the garage?
9. __________ people can fit in the lift?
10. __________ milk does a baby need daily?

**V. Complete these sentences with 'much', 'many' or 'a lot of'.**

1. I bought __________ pencils for you.
2. Teacher gives __________ homework to us every day.
3. He does not read __________ books.
4. My sister does not eat __________ vegetables.
5. She has __________ friends.
6. That's too __________ coffee for me.
7. Ko Lay donated __________ money to the needy people.
8. I drank __________ milk today.
9. There aren't __________ people at the cinema.
10. There isn't __________ water in the stream.

********************

*Answer:*

*Lesson 3: How much do you want?*

I. 1. a little; 2. a little; 3. a little; 4. a few; 5. a few; 6. a little; 7. a few; 8. a few; 9. a little; 10. a few;

II. 1. some; 2. some; 3. any; 4. some; 5. some; 6. some; 7. any; 8. some; 9. any; 10. some;

III. 1. many; 2. much; 3. many; 4. much; 5. Many; 6. much; 7. Many; 8. much; 9. many; 10. many;

IV. 1. How many; 2. How much; 3. How many; 4. How much; 5. How much; 6. How many; 7. How many; 8. How many; 9. How many; 10. How much;

V. 1. a lot of; 2. a lot of; 3. many; 4. many; 5. a lot of; 6. much; 7. a lot of; 8. a lot of; 9. many; 10. much;

***************

## Grade 7

### Unit 6 Lesson 3 : Do you like living in the countryside?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Farmers grow p___________ and crops in Myanmar.
2. There are many f__________ of wheat in Canada.
3. The farmer drove the cows into the c____________.
4. C__________ are useful animals.
5. Farmers use s_________s to frighten birds and stop them from eating the plants.
6. H__________ is dried grass for animals to eat.
7. S_________ is a piece of clothing that girls and women wear to go swimming.
8. A b___________ is a shop where you can buy bread, cakes, etc.
9. W___________ is essential for living things.
10. Is there a police s_____________ near here?

**II. Choose the correct option.**

1. When the class finished I opened the door and walked __________ the room.
   (a) through (b) along (c) out of
2. Zaw Zaw jumped ___________ the rock ___________ the water.
   (a) off/ into (b) under/across (c) into/ down
3. Mother came ___________ the house and started to cook dinner.
   (a) out of (b) into (c) over
4. When I was younger, I fell ___________ my bike many times.
   (a) through (b) off (c) up
5. The thief jumped __________ the fence and tried to enter the house.
   (a) over (b) through (c) across
6. We walked __________ the town and took some photographs.
   (a) along (b) around (c) across
7. Min Min swam __________ the river to the other side.
   (a) along (b) around (c) across
8. She walked quietly __________ the corridor to take the elevator.
   (a) along (b) under (c) off
9. My brother loves climbing __________ trees.
   (a) along (b) over (c) up
10. He decided to climb __________ the hill because it was getting dark.
   (a) down (b) under (c) off

**III. Put in, on or at in the gaps.**

1. Min Min lives __________ Yangon.
2. There were some beaufiful pictures __________ the walls of their sitting room.
3. They are playing __________ the grass __________ the park.
4. Does the bus stop __________ the railway station?
5. I live in a flat __________ the second floor.

**IV. Fill the gaps using the words in the box.**

| | | | |
|---|---|---|---|
| above | below | inside | |
| outside | beside | between | |
| among | around | in front | behind |

1. There is a bridge ______________ the river.
2. There was not a sound ___________ of the cave.
3. There is a whiteboard ___________ the clock on the wall.
4. He went and sat __________ her.
5. The children love playing ___________.
6. He stood ___________ his mother and his father.
7. The child is hiding __________ the door.
8. He sits ___________ of me in class.
9. He put his arm __________ her.
10. The ball was hidden __________ the leaves.

**V. Rearrange the words to make meaningful sentences.**

1. watch/TV/I/ the living-room/ in/ . /
______________________________________________.
2. in the mirror/ She/ herself/ looks at/ ./
______________________________________________.
3. car/ in/ She/ is/ the/ ./
______________________________________________.
4. the/ in/ This/ best/ the/ team/ world/ is/ ./
______________________________________________.
5. table/ at/ She/ sat/ the/ ./
______________________________________________.

***************************

*Answer:*

*Lesson 3: Do you like living in the countryside?*

I. 1. paddy; 2. fields; 3. cowshed; 4. Cows; 5. scarecrow; 6. Hay; 7. Swimsuit; 8. bakery; 9. Water; 10. station;

II. 1. out of; 2. off/ into; 3. into; 4. off; 5. over; 6. around; 7. across; 8. along; 9. up; 10. down;

III. 1. in; 2. on; 3. on, in; 4. at; 5. on;

IV. 1. above; 2. inside; 3. below; 4. beside; 5. outside; 6. between; 7. behind; 8. in front; 9. around; 10. among;

V. 1. I watch TV in the living-room.
2. She looks at herself in the mirror.
3. She is in the car.
4. This is the best team in the world.
5. She sat at the table.

*******************************

## Grade 8

### Lesson 3: An ideal place for a day trip

### Grammar

### Prepositions and prepositional phrases

**I. Fill in the correct preposition of time: in, on, at.**

1. ______________ June
2. ______________ 10 o'clock
3. ______________ Thursday
4. ______________ 2022
5. ______________ the morning
6. ______________ night
7. ______________ December
8. ______________ the 14th of September
9. ______________ half past seven
10. ______________ Sunday
11. ______________ the winter
12. ______________ 1992
13. ______________ Tuesday, April 15, 2022
14. ______________ 12:00
15. ______________ the rainy season

**II. Fill in the blanks with the correct prepositions of time (in, on at).**

1. My sister likes to play table tennis. She plays it ____________ the evening.
2. Our family is going to have a picnic ____________ Friday afternoon.
3. I will finish my homework ____________ an hour.
4. Is the meeting __________ 1:15?
5. My brother was born __________ 2015.
6. Are there any holidays _________ October?
7. We moved to Mandalay _________ 2014.
8. Are you going to do anything special __________ your birthday?
9. My birthday is next week. It is _________ February 5.
10. The school canteen opens for lunch ________ noon.

**III. Underline the correct answer.**

1. He's worked there ____________ (for / since) he left college.
2. I've known them ____________ (for / since) ages.
3. It's been open ____________ (for / since) last month.
4. I lived there ____________ (for / since) several years.
5. She's studied here ____________ (for / since) five years.
6. I haven't seen her ____________ (for / since) July.
7. ____________ (for / since) when have you worked here?
8. I've been waiting ____________ (for / since) twenty minutes.
9. I have been studying my lessons ____________ (for / since) midday.
10. We have been friends ____________ (for / since) ages.
11. I've lived with her ____________ (for / since) 10 years.
12. She's been ill ____________ (for / since) last night.
13. I have known about that ____________ (for / since) yesterday.
14. My cat has been missing ____________ (for / since) Sunday.
15. I have been studying English ____________ (for / since) I was 5.

**IV. Fill in the blanks with the prepositions given below.**

| | | | | |
|---|---|---|---|---|
| to | until | since | for | before |
| after | during | by | | |

1. He will return ______________ 7 p.m.
2. Ko Ko was sleeping ______________ the film.
3. ____________ meeting with our old friend, we went home.
4. I was very nervous __________ the interview.
5. They stayed there __________ two weeks.
6. They have been friends ___________ their childhood.
7. Wait for me ___________ I return.
8. I usually work from Monday ____________ Saturday.

**V. Fill in the blanks with appropriate prepositions of place.**

1. Can you see a boy _____________ the picture?
   (a) in (b) on (c) at
2. The woman is sitting ___________ a table.
   (a)before (b) in front of
3. She sat ____________ her children.
   (a)beside (b) besides
4. He put the money _____________ the box.
   (a) on (b) in (c) at
5. The cat was hiding ______________ the door.
   (a) behind (b) out (c) under
6. I always wear that gold ring ___________ my first finger.
   (a) in (b) on (c) at
7. Can you see the helicopter __________ the palace?
   (a) above (b) over (c) up
8. The plane was flying ______________ Myanmar.
   (a) through (b) across
9. This is a letter __________ Ko Ko.
   (a) from (b) in (c) by
10. I have got a problem _________ my homework. Can you help me please?
    (a) at (b) of (c) with
11. Don't show it _________ Khin Sein. It's going to be a present for her.
    (a) at (b) by (c) to
12. There are a lot of beautiful posters __________ the walls.
    (a) at (b) on (c) in
13. Her birthday is ____________ December 12th.
    (a) in (b) on (c) at
14. There are no lessons ___________ the afternoon.
    (a) at (b) in (c) on
15. In Myanmar all children from five ___________ sixteen must go to school.
    (a) till (b) at (c) to

**VI. Choose the correct <u>prepositions of movement.</u>**

1. I flew from Mandalay ____________ (to / into / from) Nay Pyi Taw.
2. Every morning I get ____________ (in / on / over) my bicycle and go to school.
3. The cat was on the table; then it jumped __________ (out of / down / off) the table.
4. We got ___________ (off / out of / down) the car and ran _________ (across / on / into) the building.
5. He fell ___________ (down / below / off) his motorbike when he was riding very fast.
6. The elevator didn't work and we had to walk ___________ (up / over / past) the stairs to the 23rd floor.
7. He escaped __________ (through / across / into) a door in the back of the building.
8. We took a boat __________ (through / towards / across) the river.
9. The robber broke his leg when he tried to jump __________ (through / over / towards) a wall.
10. He took the phone and threw it __________ (into / under / on) the drawer.

**VII. Choose the correct <u>prepositions of direction.</u>**

1. He goes __________ (to / across/ down / towards) the cinema on Fridays.
2. You must walk ___________ (into / across down / along) the bridge.
3. Walk __________ (around / onto / down / across) the street and turn left.
4. That woman going _________ (into / onto / across / off) the supermarket is my mother.
5. Mother is talking ___________ (to / off/ through / up) her friend.
6. We drove __________ (through / down / up) the tunnel.
7. It's fun to ride my bike ___________ (on / down / across / along) the hill.
8. He fell ____________ (of / off / down / up) his chair.
9. She jumped __________ (onto / into / to) the swimming pool.
10. I love to walk ___________ (across / along / through) the sea.

* * * * * * * * * * * * * * * *

*Lesson 3 : An ideal place for a day trip*

*I. 1. in; 2. at; 3. on; 4. in; 5. in; 6. at; 7. in; 8. on; 9. at; 10. on; 11. in; 12. in; 13. on; 14. at; 15. in;*

*II. 1. in; 2. on; 3. in; 4. at; 5. in; 6. in; 7. in; 8. on; 9. on; 10. at;*

*III. 1. since; 2. for; 3. since; 4. for; 5. for; 6. since; 7. since; 8. for; 9. since; 10. for; 11. for; 12. since; 13. since; 14. since; 15. since;*

*IV. 1. by; 2. during; 3. after; 4. before; 5. for; 6. since; 7. until; 8. to;*

*V. 1. (a) in; 2. (b) in front of; 3. (a) beside; 4. (b) in; 5. (a) behind; 6. (b) on; 7. (a) above; 8. (b) across; 9. (a) from; 10. (c) with; 11. (c) to; 12. (b) on; 13. (b) on; 14. (b) in; 15. (c) to;*

*VI. 1. to; 2. on; 3. off; 4. out of, into; 5. down; 6. up; 7. through; 8. across; 9. over; 10. into;*

*VII. 1. to; 2. along; 3. down; 4. into; 5. to; 6. through; 7. down; 8. off; 9. into; 10. along;*

* * * * * * * * * * * * * * * *

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၃ | ၃ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာ့ရှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၈၉ ခန်း | ၃၆၆ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၃ ခု | ၅၀၉ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၂ စုံ | ၃၄၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဆင်မင်းလမ်း၊ တိုက်အမှတ်(၁၂၄)ရှိ (၁)ခန်းတွဲ (၈)ထပ်ခွဲ တိုက်၏ ဆဌမထပ်(ရ-လွှာ)၊ အကျယ်အဝန်း (၁၉၅၀)စတုရန်းပေရှိ ဓါတ်လှေကားပါတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်တို့အား (၂၉-၃-၂၀၁၅)ရက်စွဲပါကတိစာချုပ်အရလက်ရှိထားပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်ဝါဝါမြင့် (၁၂/ဥကမ (နိုင်) ၁၉၆၅၂၀)၊ ဒေါ်နီနီမြင့် (၁၂/လသန(နိုင်)၀၁၃၀၄၇)** တို့ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် (၁-၃-၂၀၂၃)ရက်စွဲပါကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့၊ အမှတ်(၄)ရပ်ကွက်၊ အောင်စေတီရပ်၊ ဦးမြဝါလမ်း၊ အမှတ်(၄/၁၈)၊ အကျယ်အဝန်း (၂၇၀ပေ x ၇၀ပေ)ခန့်ရှိ (၄)ပင်(၃)ခန်း ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး (၂)ထပ်နေအိမ်(၁)လုံးနှင့်အကျိုးခံစားခွင့်တို့အားလက်ရှိထားပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးရန်နိုင်လင်း (၁၁/ရဗန (နိုင်) ၀၆၇၀၄၄)**ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် (၂၄-၂-၂၀၂၃)ရက်စွဲပါကတိစာချုပ်ဖြင့်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကိစ္စများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy ), တရားလွှတ်တော်ရှေ့နေ (စဉ်-ရ၈၃၃)**

အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၈၅၅၅၀၂၅၄

## လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၅ လူနေရပ်ကွက်အမှတ်-၁၉၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်-၁၅၅၉(က) အကျယ်ပေ (၂၀x၆၀)ရှိ ဒေါ်သင်းစိန် အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်သင်းစိန် [၁၄/ညတန(နိုင်)၁၁၈၁၁၅] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဟိန်းလင်းနှင့် ဒေါ်ဖြိုးအိအိအောင်တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**(၁) ဦးဟိန်းလင်း**
**[၁၄/ဟသတ(နိုင်)၂၂၄၀၉၂]**
**(၂) ဒေါ်ဖြိုးအိအိအောင်**
**[၁၂/ရပသ(ပြု)၀၀၀၀၅၈]**
**အမှတ်-၁၀၅၃၊ ဘုရင့်နောင်လမ်း၊**
**(၅/၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင် (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅) ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဝေသာလီလမ်း၊ မြေကွက်အမှတ် (၁၁၃၄)၊ ဦးစောအောင်သန်းအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မူရင်းပါ မြေအကျယ် ပေ-၄၀x၆၀ အနက်မှ (မြေကွက်အမှတ်- ၁၁၃၅ နှင့် ကပ်လျက်ဘက်ခြမ်း) (ဂရန်မူရင်းခြမ်း)၊ မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေနှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နီနီမာ [၁၂/မဂဒ(နိုင်)၀၂၀၆၅၁]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာမြို့နယ်။ ဖုန်း- ၀၉-၅၄၀၇၂၂၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထောင်း ထပဲန်း [၄/ဖလန(နိုင်)၀၆၆၆၃၀] ကိုင်ဆောင်သော ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၉၇၆၀၃၄၂၅၅၊**
**၀၉-၇၅၁၈၂၈၀၂၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ရန်ကုန်သစ်၊ မြေကွက်အမှတ် ၄၅၉/က၊ မြေကွက်တည်နေရာအမှတ် (၃၉/က)၊ ၄ လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်သန်းနွယ်ဦး [၉/မရမ(နိုင်)၀၀၆၂၀၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းနွယ်ဦးထံမှ GP- ၁၀၀၉၀/၂၀၂၀(၁၉-၈-၂၀၂၀)ဖြင့်ရရှိသူ GP ဦးတင်မောင်ထွေး [၁၂/သဃက(နိုင်)၀၈၃၉၈၉]က ဂရန်မူရင်းပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာအမှတ် (၉/၆၉၇/၂၀၂၀) (၄-၉-၂၀၂၀)၊ GP တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ပါ (၂၀၁၉)ခုနှစ်တွင် ကူးယူခဲ့သော ဘဏ်ချေးမြေပုံမူရင်းသည် သိမ်းဆည်းထားရာမှ အထားအသိမှား၍ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၂/၃၄၃၉/၂၀၂၀) (၃၀-၁၂-၂၀၂၀)တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

နိုင်ငံ

သာယာ

ဝပြောဖို့

သဘာဝ

တောတွေ

ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ္ဘာအေးစေတီဘုရားလမ်း၊ စိမ်းလဲ့မေရိပ်သာ၊ အမှတ် (၁၈)၊ (၃) ခန်းတွဲ (၆ ထပ်ခွဲ)တိုက်၏ (၃ လွှာ)၊ အခန်းအမှတ် (၃-ဘီ) ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်အိသူဇာအောင် [၁၂/တမန(နိုင်)၁၀၉၂၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုရောင်းဝယ်မှုအား ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၂၈၂၆/၂၀၁၇)**
**အမှတ် (၁၁၅)၊ (၉၃) လမ်း၊ ကန်/ရှေ့ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၇၉၅၅၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဆ$^{12A}$) ဧရိယာ (၆.၆၁၆)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေကွက်ကြီးအနက်မှ ရန်ကုန်တိုင်းတရားရုံး တရားမဇာရီမှုအမှတ်-၁၂/၉၀ အရ တရားနိုင်ဖြစ်သော ဦးဝင်းမောင်သို့ ရောင်းချခဲ့သည့်မြေကွက်၏ (မြောက်ဘက်) ဆက်လက်တည်ရှိသော တရားဝင်မခွဲစိတ်ရသေးသည့် (အလျား ၂၀၀ပေxအနံ ၁၀၀ပေ) အကျယ်အဝန်းကို ပူးတွဲမြေပုံပေါ်တွင် အနီရောင်ခြယ်လျက် (B)အမှတ်အသားပြထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင် ဒေါ်ကြည်ကြည် [၁၂/မရက(နိုင်)၀၆၁၆၄၂]နှင့် ခင်ပွန်းဖြစ်သူ ဦးမြတ်သိန်းတို့မှ လက်ရှိထားပိုင်ဆိုင်ကြကာ မူလပိုင်ရှင်ထံမှ ဒေါ်အယ်သာရှာကိုး [၁၂/ရကန(နိုင်)၀၄၄၀၁၂]မှ အထက်ပါ (B)အမှတ်အသားပြမြေကွက်ကို ဝယ်ယူခဲ့ပြီးနောက် မူလပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်ကြည်နှင့် ခင်ပွန်းတို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ခဲ့သဖြင့် ဒေါ်အယ်သာရှာကိုးမှ တရားလိုပြုလုပ်၍ ဒေါ်ကြည်ကြည်နှင့် ၎င်း၏ခင်ပွန်း ဦးမြတ်သိန်းတို့အပေါ် ရန်ကုန်တိုင်းတရားရုံးတွင် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုစွဲဆိုခဲ့ရာ အနိုင်ရရှိ၍ တရားမဇာရီမှုဖွင့်လှစ်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်- ၇၄၇/၉၅ ဖြင့် ချုပ်ဆိုကာ အထက်ပါမြေကွက်ကြီးအား ဒေါ်အယ်သာရှာကိုးမှ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့သော ပိုင်ရှင်ဖြစ်ပါသည်။

ထို့နောက် ဒေါ်အယ်သာရှာကိုးပိုင် ( B)အမှတ်အသားပြမြေကွက်ကြီးအား ဒေါ်အယ်သာရှာကိုးထံမှ ဦးတင်မောင်ဦးက ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးချေ၍ ဝယ်ယူခဲ့သော်လည်း နောက်ပိုင်းတွင် ဒေါ်အယ်သာရှာကိုးမှ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ခဲ့ပါသည်။

ထို့နောက် ဒေါ်အယ်သာရှာကိုး ကွယ်လွန်ခဲ့ပြီး ၎င်း၏အမွေဆက်ခံသည့် သမီးဖြစ်သူ ဒေါ်နီလာယုမှ အမွေဆက်ခံခဲ့သော်လည်း ဒေါ်နီလာယုအနေဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ဆက်လက်ပျက်ကွက်နေသည့်အတွက် ဦးတင်မောင်ဦးမှ တရားလိုပြုလုပ်၍ ဒေါ်နီလာယု (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးမြင့်ဝင်း)အပေါ် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၌ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၂၅ ဖြင့် တရားစွဲဆိုရာ (၆-၈- ၂၀၂၀)နေ့တွင် တရားရုံးတော်မှ ဦးတင်မောင်ဦး စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့ပြီးဖြစ်သဖြင့် ဦးတင်မောင်ဦး အနိုင်ရရှိထားသော မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်ကြီးအတွင်းသို့ အခြားသူများမှ ဝင်ရောက်ကျူးကျော်ခြင်းများ၊ အခြားတစ်ဦးမှ တစ်ဆင့်အငှားချကာ ဝင်ရောက်နေထိုင်သူများ၊ အခြားတစ်ဦးဦးမှ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အဦသစ်တည်ဆောက်ခြင်း၊ လမ်းဖောက်ခြင်းတို့နှင့် ပတ်သက်သူများအားလုံးတို့သည် ဤကြေညာပါသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဖယ်ရှားထွက်ခွာပေးရန်နှင့် ဦးတင်မောင်ဦးထံ လက်ရောက်ပေးအပ်စေရန် အများသိစေရန် ကြေညာအပ်ပါသည်။ ထိုသို့ ကြေညာထားပါလျက် ဖယ်ရှားထွက်ခွာခြင်းမရှိဘဲ ပျက်ကွက်နေပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဦး [၁၂/မဂတ(နိုင်) ၀၆၉၇၈၄]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀/၁၀)**
**တိုက် (၉/၁၁)၊ အခန်း (၁၀၂/E)၊ ပထမထပ်၊ (၃၆) လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၅၃၃၂၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၊ မြေကွက်အမှတ်- ၁၂၈/ခ၊ မြေကွက်တည်နေရာအမှတ် (၁၂၈/ခ)၊ (၈)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ ဒဂုံအရှေ့ ဒေါ်ခင်ညွန့်(CC-045603) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ညွန့်အား တရားပြိုင်ထားကာ ဦးကြည်လှိုင်မှ တရားလိုပြု၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တရားရုံး၌ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသဖြင့် တရားရှုံးကိုယ်စား ဘီလစ် ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်)၀၂၈၃၄၂]မှ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်- ၃၀/၂၀၂၀ (၃၀-၉-၂၀၂၁)ရက်စွဲ၊ တရားမဇာရီမှုအမှတ်- ၂/၂၀၂၂ (၂၀-၄-၂၀၂၂)ရက်စွဲတို့ဖြင့် တရားပြိုင်ဖြစ်သူ ဒေါ်ခင်ညွန့်အပေါ် အရောင်းစာချုပ်ချုပ်ပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် အမိန့်စီရင်ချက်၊ နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ (၂၀၁၀)ခုနှစ်တွင် ဒေါ်ခင်ညွန့်မှ ဘဏ်ချေးမြေပုံလျှောက်ထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းရန်အကြောင်းကြားခဲ့ရာ ဝင်စာအမှတ် (၈၂၅၂/၃၁-၈-၂၀၂၂)ဖြင့် ဘဏ်ချေးမြေပုံမှာ ထုတ်ယူခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါဘဏ်ချေးမြေပုံအား မည်သူတစ် ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းတို့မရှိပါကြောင်း၊ အဆိုပါဘဏ်ချေးမြေပုံမှာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ဖြစ်ပေါ်လာသောကိစ္စအဝဝအား တာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ (၃)ထပ်တိုက်(၁)လုံးရှိပြီး လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဘီလစ်ဒေါ်မြင့်မြင့်ကြည်မှ နှစ်(၆၀) မြေငှားဂရန်တင်ပြ၍ အရောင်းမြေပုံလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၈၆၄/ခ)၊ အကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အမှတ် (၈၆၄/ခ)၊ ဒေဝဒဟ(၁၀)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တစ်ထပ်နေအိမ်တစ်လုံး ရေ၊ မီး အပြည့်အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနန္ဒလှိုင်ဝင်း [၁၂/စခန(နိုင်)၀၅၆၈၀၉] ၎င်း၏ အထွေထွေကိုယ်စားလှယ်စာအမှတ်- ၂၆၉၂၅/၂၀၁၉ ရသူ ဦးသန်းထူး [၁၂/စခန(နိုင်)၀၃၉၁၄၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးနေအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်ငြိမ်းဆွေ(LL.B)**
**(စဉ်-၁၁၄၄၅/၂၀၁၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၀၈၅**

## ဒေါ်ကျင်စန်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာချုပ်အမှတ်- ၇၆၇/၉၅ အရ တရားဝင်ပိုင်ဆိုင်သူ ဦးဝင်းမောင်၏ ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်စာရရှိသူ ဦးတင်မောင်ဦး [၁၂/မဂတ(နိုင်)၀၆၉၇၈၄]၊ အမှတ်(၁၈၈)၊ ဗိုလ်တထောင်ဈေးလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၄ (သမိုင်း)၊ မြေကွက်အမှတ်- ၉/ဆ၊ ဧရိယာ (၆.၆၁၆)ဧက အကျယ်အဝန်းရှိ မြေကွက်ကြီးအနက်မှ ယင်းမြေကွက်ကြီး၏ အနောက်ဘက်နယ်နိမိတ်စည်းရိုး တောင်ဘက်ထောင့်ရှိ ရန်ကုန်တိုင်းတရားရုံး၏ တရားမဇာရီမှုအမှတ်- ၁၅/၉၀ အရ မစ္စအယ်သာရှာကိုးအား ရောင်းချခဲ့သော မြေကွက်နှင့် တောင်ဘက်ကပ်လျက်တည်ရှိသည့် (အလျား ၂၀၀ပေ x အနံ ၁၀၀ပေ) အကျယ်အဝန်းရှိသော (ပူးတွဲမြေပုံတွင် အနီရောင်ခြယ်လျက်) "A"အမှတ်ပြထားသော တရားဝင်မခွဲစိတ်ရသေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ကြည်ကြည် [၁၂/မရက(နိုင်)၀၆၁၆၄၂]နှင့် ခင်ပွန်း ဦးမြတ်သိန်းတို့မှ လက်ရှိထားပိုင်ဆိုင်ကြကာ ရောင်းချပိုင်ခွင့်ရှိသဖြင့် ဒေါ်သန်းသန်းအား အရောင်းအဝယ်စာချုပ်ချုပ်ဆို ရောင်းချခဲ့ပြီးနောက် စာချုပ်ပါကတိအတိုင်း ဒေါ်ကြည်ကြည်နှင့် ခင်ပွန်းတို့မှ ဒေါ်သန်းသန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးရန် ပျက်ကွက်သဖြင့် ဒေါ်သန်းသန်းက တရားလိုပြုလုပ်၍ ဒေါ်ကြည်ကြည်နှင့် ခင်ပွန်းတို့အပေါ် ရန်ကုန်တိုင်းတရားရုံး၌ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသည်။ ထို့နောက် ဒေါ်သန်းသန်းက ယင်းအနိုင်ဒီကရီကို ရန်ကုန်တိုင်းတရားရုံး၌ ဇာရီမှုဖွင့်လှစ်ဆောင်ရွက်စဉ် တရားနိုင် ဒေါ်သန်းသန်း ကွယ်လွန်ခဲ့၍ ၎င်း၏တစ်ဦးတည်းသော အမွေခံဖြစ်သည့် ကိတ္တိမသား ဦးဝင်းမောင်မှ ဇာရီမှုတွင် တရားနိုင်အဖြစ် ပါလာခဲ့ပြီးနောက် တရားရှုံး ဦးမြတ်သိန်း ကွယ်လွန်ခဲ့ရာ တရားရှုံး ဒေါ်ကြည်ကြည်မှ မူလတရားရုံးအနိုင်ဒီကရီအတိုင်း လိုက်နာမည်ဖြစ်၍ တရားနိုင် ဦးဝင်းမောင်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ပိုင်ဆိုင်လက်ရှိဖြစ်သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ကြီးနှင့် ပတ်သက်၍ ပိုင်ရှင် ဦးဝင်းမောင်မှ ဦးတင်မောင်ဦး [၁၂/မဂတ(နိုင်)၀၆၉၇၈၄] ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၁၅၂၁၃/၁၂ ဖြင့် ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်စာအား ပေးအပ်ခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် ဦးတင်မောင်ဦးမှ အခင်းဖြစ်မြေကွက်နှင့် ပတ်သက်၍ ကျူးကျော်ဝင်ရောက်ဆောက်လုပ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကိုမပြုလုပ်ကြရန် သတင်းစာကြော်ငြာ၍လည်းကောင်း၊ နို့တစ်စာပေးပို့၍လည်းကောင်း အကြောင်းကြားစာများထုတ်ခဲ့ပါသည်။

သို့သော် ၂၀၁၉ ခုနှစ်တွင် ဒေါ်ကျင်စန်း [၁၂/ပဘတ(နိုင်)၀၀၄၆၇၈] ကိုင်ဆောင်သူမှ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ- ၂၇ တွင် အများသိစေရန် အသိပေးကြော်ငြာခြင်းခေါင်းစဉ်ဖြင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပန်းပင်ကုန်း (၅)ရပ်ကွက်၊ ရွှေနှင်းဆီရိပ်သာ၊ အမှတ် (၃၄၉) ဟုခေါ်တွင်သော မြေအကျယ် (၁၄၃ပေx၈၀/၆၀)ပေရှိ မြေကို စာချုပ်အဆင့်ဆင့်ဖြင့် ဒေါ်မြင့်မြင့်သိန်းထံမှ ၂၀၁၃ ခုနှစ်ကတည်းက ဝယ်ယူလက်ရောက်ရရှိခဲ့သည်ဟုဖော်ပြကာ ဦးတင်မောင်ဦးပိုင်ဆိုင်မှုအား ထိပါးလာသဖြင့် ဦးတင်မောင်ဦးမှ ရှေ့နေဖြင့် (၂၉-၁၁-၂၀၁၉)ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ- ၂၀ ၌ ပြန်လည်ဖြေရှင်းချက် ထည့်သွင်းခဲ့ပါသည်။ ထို့နောက် နှစ်ဖက်ညှိနှိုင်းမှုများ ဆောင်ရွက်နေစဉ်ကာလအတွင်း အဆင်မပြေမှုများဖြစ်ပေါ်လာသည့်အတွက် ဦးတင်မောင်ဦးအနေဖြင့် ၎င်း၏ပိုင်ဆိုင်မှုအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် စီစဉ်လျက်ရှိစဉ် အခင်းဖြစ် မြေကွက်ကြီး၌ အခြားလူများမှ ခွင့်ပြုချက်မဲ့ တရားမဝင်အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် လမ်းများတည်ဆောက်ခြင်း၊ ခြံစည်းရိုးအသစ်ကာခြင်းတို့ကို ဆောင်ရွက်နေသည်ကို တွေ့ရှိရသဖြင့် (၂၅-၁-၂၀၂၃)ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တားမြစ်ပေးရန် ကန့်ကွက်လျှောက်ထားခဲ့ပါသည်။

သို့ဖြစ်၍ ဒေါ်ကျင်စန်း အပါအဝင် ဦးတင်မောင်ဦး၏ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်သူများ၏ ပြုလုပ်မှုများသည် ဦးတင်မောင်ဦး၏ ပိုင်ဆိုင်အကျိုးခံစားခွင့်များအပေါ် ကျူးကျော်ဝင်ရောက်ဘိသကဲ့သို့ဖြစ်သည့်အပြင် တရားဝင်မှတ်ပုံတင်စာချုပ်ဖြင့် ပိုင်ဆိုင်သူတစ်ဦး၏ ပိုင်ဆိုင်မှုအား ထိပါးနှောင့်ယှက်ရာ ရောက်နေပါသည်။

သို့ဖြစ်ပါ၍ ဤစာရသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဒေါ်ကျင်စန်းအနေဖြင့်သော်လည်းကောင်း၊ ဒေါ်ကျင်စန်းနှင့် ဆက်စပ်ပတ်သက်သူများအနေဖြင့်သော်လည်းကောင်း၊ ခြံအတွင်းဝင်ရောက်၍ တိုက်ဆောက်လုပ်နေသူများအနေဖြင့်သော်လည်းကောင်း မိမိပြုလုပ်ထားသော အဆောက်အဦကိုဖယ်ရှား၍ မြေကွက်လွတ်အား လက်ရောက်ပေးအပ်ရန် အကြောင်းကြားသိစေအပ်ပါသည်။ အကယ်၍ ဆက်လက်ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ဒေါ်ကျင်စန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဦး [၁၂/မဂတ(နိုင်)၀၆၉၇၈၄]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀/၁၀)**
**တိုက် (၉/၁၁)၊ အခန်း (၁၀၂/E)၊ ပထမထပ်၊ (၃၆) လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၀၅၃၃၂၆**

## ကန့်ကွက်နိုင်ပါသည်။

